# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၂၃၉/ ၂၀၂၃)**
**၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**
**(၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်)**

ပြည်ထဲရေးဝန်ကြီးဌာနသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **ဥပဒေ** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဆိုသည်။

(ခ) **လေယာဉ်မှူး (Commander)** ဆိုသည်မှာ လေယာဉ်ပျံသန်းချိန်တွင် ဘေးကင်းရေးနှင့် လေယာဉ်ပျံသန်းရာတွင် ကွပ်ကဲမောင်းနှင်ရေးတို့အတွက် တာဝန်ပေးခြင်းခံရသည့် လေယာဉ်မှူးကြီး သို့မဟုတ် တွဲဖက်လေယာဉ်မှူးကိုသော်လည်းကောင်း၊ ထိုသူ မဆောင်ရွက်နိုင်လျှင် လေယာဉ်ကို ကွပ်ကဲမောင်းနှင်သည့် လေယာဉ်မောင်းသူ (Pilot) ကိုသော်လည်းကောင်း ဆိုသည်။

(ဂ) **ကောင်စစ်ဝန်** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံက ခန့်အပ်တာဝန်ပေးထားသည့် ကောင်စစ်ဝန် ကို ဆိုသည်။ ယင်းစကားရပ်တွင် ကောင်စစ်ဝန်ချုပ်လည်း ပါဝင်သည်။

(ဃ) **တိုကျိုကွန်ဗင်းရှင်း (Tokyo Convention)** ဆိုသည်မှာ ၁၉၆၃ ခုနှစ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုသည့် လေယာဉ်ပေါ်တွင် ကျူးလွန်သောပြစ်မှုများနှင့် အခြားပြုလုပ်မှုများဆိုင်ရာ ကွန်ဗင်းရှင်းကို ဆိုသည်။

(င) **လေယာဉ်ပျံသန်းချိန်** ဆိုရာတွင် အောက်ပါကာလတစ်ခုခုပါဝင်သည် –

(၁) လေယာဉ်ထွက်ခွာရန် လေယာဉ်တံခါး ပိတ်လိုက်သည့်အချိန်မှစ၍ လေယာဉ်လှုပ်ရှားမှု သို့မဟုတ် ပျံသန်းမှုပြုပြီးနောက် ခရီးသည်များဆင်းသက်ရန် လေယာဉ်တံခါးဖွင့်သည့် အချိန်အတွင်းကာလ၊

(၂) လေယာဉ်တံခါးပိတ်ပြီးနောက် လေယာဉ်မှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ လေယာဉ်ပေါ်ရှိသူများနှင့် ပစ္စည်းများအား ဘေးအန္တရာယ်ကျရောက်နိုင်သဖြင့် လေယာဉ်ပေါ်မှ ဆင်းသက်ရန် လေယာဉ်တံခါးဖွင့်သည့် အချိန်အတွင်းကာလ သို့မဟုတ် လေယာဉ်ကို အဓမ္မဆင်းသက်ခိုင်းသည့်ကိစ္စတွင် လေယာဉ်ပေါ်ရှိသူများနှင့် ပစ္စည်းများကို လေယာဉ်မှူးက ရဲအရာရှိ သို့မဟုတ် အခွင့်အာဏာပိုင်တို့ထံ လွှဲပြောင်းပေးသည့် အချိန်မတိုင်မီအထိကာလ၊

(၃) အကြောင်းတစ်စုံတစ်ရာကြောင့် နိုင်ငံတစ်ခုခု၏ပိုင်နက်တွင်မရှိသည့် ပင်လယ်ရေပြင်ပေါ်တွင်ဖြစ်စေ၊ ကုန်းပေါ်တွင်ဖြစ်စေ ဆင်းသက်နေရသည့်အချိန်ကာလ။

(စ) **စာချုပ်ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ်လက်ခံထားသော အကြမ်းဖက်မှုဆိုင်ရာ ကွန်ဗင်းရှင်းတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုခုကို ဆိုသည်။

(ဆ) **အကြမ်းဖက်အုပ်စုဝင်** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုကျူးလွန်သည့် အကြမ်းဖက်အုပ်စု၏ အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဇ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးခဝါချမှုများအား စုံစမ်းထောက်လှမ်းဖော်ထုတ်ရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရဖွဲ့စည်းသည့် အဖွဲ့ကို ဆိုသည်။

(ဈ) **ကြားဖြတ်ဖမ်းယူခြင်း** ဆိုသည်မှာ သူတစ်ဦးဦးက ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ အီလက်ထရောနစ် သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြု၍ နှုတ်ဖြင့် ဆက်သွယ်ပြောကြားခြင်း၊ အခြားတစ်နည်းနည်းဖြင့် သတင်းအချက်အလက် ပေးပို့ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်းကို ကြားမှဖြတ်၍ ယူခြင်း သို့မဟုတ် နားထောင်ခြင်းကို ဆိုသည်။

(ည) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းကော်မတီ တစ်ခုခုကို ဆိုသည်။

(ဋ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့တစ်ခုခုကို ဆိုသည်။

(ဌ) **သံတမန်** ဆိုသည်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်ဆိုသည့် စကားရပ်တွင်ပါဝင်သည့် သံတမန်အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည် –

(၁) သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းအပိုဒ် ၁ ပါ သံတမန်အဖွဲ့ဝင်များ (Members of the mission)နှင့် သံတမန်အဖွဲ့အမှုထမ်းစုတွင် ပါဝင်သူများ (Members of the staff of the mission)၊

(၂) ယင်းကွန်ဗင်းရှင်းအပိုဒ် ၄၀ ပါ နိုင်ငံတော်သို့ တတိယနိုင်ငံအဖြစ် ဝင်ရောက်ဖြတ်သန်းသည့် တော်ဝင်နိုင်ငံကူးလက်မှတ်၊ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် သံတမန်ကိုယ်စားလှယ်များ။

(ဍ) **ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့** ဆိုသည်မှာ တပ်မတော်(ရေ)၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့နှင့် ရေကြောင်းရဲတပ်ဖွဲ့တို့ကို ဆိုသည်။

(ဎ) **ဗဟိုအဖွဲ့ရုံး** ဆိုသည်မှာ ဗဟိုအဖွဲ့နှင့် ဥပဒေအရ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနက ဖွဲ့စည်းသည့်ရုံးကို ဆိုသည်။

(ဏ) **ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများ** ဆိုသည်မှာ အကြမ်းဖက်အုပ်စုအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသည့် အုပ်စု သို့မဟုတ် အဖွဲ့အစည်းတွင် တစ်နည်းနည်းဖြင့် ပါဝင်လှုပ်ရှားခြင်း၊ ဆက်သွယ်ပေါင်းစည်းခြင်းပြုသည့် အဖွဲ့အစည်းနှင့် တာဝန်ယူ၍ ဆောင်ရွက်သည့် တာဝန်ခံများကို ဆိုသည်။

## အခန်း (၂)
## လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း

၃။ ဗဟိုအဖွဲ့သည် –

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ မိမိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးတစ်ဦးဦးက ဦးဆောင်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းရမည် –

(၁) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၊

(၂) အမျိုးသားဖြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီ၊

(၃) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၊

(၄) ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၊

(၅) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၊

(၆) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊

(၇) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ မိမိအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းမှ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အောက်ပါလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းရမည်–

(၁) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းအဖွဲ့၊

(၂) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့၊

(၃) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့၊

(၄) အကြမ်းဖက်ခံရသူများအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊

(၅) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့်အကြမ်းဖက်မှုများအားတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၊

(၆) အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များ။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ) တို့အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ (က) ဗဟိုအဖွဲ့သည် နည်းဥပဒေ ၃ အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပြင် လိုအပ်သော အခြားလုပ်ငန်းတာဝန်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

(ခ) နည်းဥပဒေ ၃ အရ ဖွဲ့စည်းသောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပြင် နည်းဥပဒေခွဲ (က)အရ သတ်မှတ်ပေးသော လုပ်ငန်းတာဝန်များကို ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၃)
## အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခြင်းနှင့် ရုပ်သိမ်းခြင်း

၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ကိုယ်တိုင်ရရှိသော ခိုင်လုံသည့် သတင်းအချက်အလက်အရဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့၏ တင်ပြချက်အရဖြစ်စေ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသများတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု ကျူးလွန်သည့် အကြမ်းဖက်သမားတစ်ဦးချင်းအဖြစ် အမည်စာရင်း တင်သွင်းထုတ်ပြန်ကြေညာချက်ကို ပုံစံ(က)ဖြင့်ဖြစ်စေ၊ အကြမ်းဖက်အုပ်စုအဖြစ် အမည်စာရင်း တင်သွင်းထုတ်ပြန်ကြေညာချက်ကို ပုံစံ(ခ) ဖြင့်ဖြစ်စေ၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကို ပုံစံ(ဂ)ဖြင့်ဖြစ်စေ ပူးတွဲပြီး ထုတ်ပြန်ကြေညာနိုင်ရေးအတွက် အောက်ပါသတင်းအချက်အလက်နှင့် အထောက်အထားများ ဖော်ပြ၍ ဗဟိုအဖွဲ့သို့ တင်ပြရမည်–

(က) အကြမ်းဖက်မှုကျူးလွန်သည့်ဖြစ်စဉ်အကျဉ်းချုပ်နှင့် ကျူးလွန်သည့်ပြစ်မှု၏ ချမှတ်နိုင်သည့် အမြင့်ဆုံးပြစ်ဒဏ်၊

(ခ) အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများ၊

(ဂ) ဖော်ထုတ်ရရှိသည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအမည်၊ အကြမ်းဖက်အုပ်စုဝင်အသီးသီး၏ အမည်နှင့် နေရပ်လိပ်စာများ၊ ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် အမှတ်နှင့် အီးမေးလ်လိပ်စာ(သိရှိလျှင်)၊

(ဃ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကိုယ်ရေးရာဇဝင်၊

(င) အကြမ်းဖက်မှုနှင့် ဆက်နွှယ်သော ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု (ရှိလျှင်)၊

(စ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာရန် လိုအပ်သည့် အကြောင်းရင်း၊

(ဆ) သတ်မှတ်ကြေညာရန်လိုအပ်သည့် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင် ငွေကြေးနှင့် ပစ္စည်းများတည်ရှိသည့်နေရာနှင့် အသေးစိတ်အထောက်အထားများ(ရှိလျှင်)၊

(ဇ) အကြမ်းဖက်မှုကို အားပေးကူညီမှု၊ ငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊

(ဈ) တွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်။

၆။ ပြည်ပနိုင်ငံတစ်နိုင်ငံသည် မိမိနိုင်ငံတွင် အကြမ်းဖက်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ပြီးနောက် နိုင်ငံတော်အတွင်းရောက်ရှိနေသော အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအမည် သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကို မြန်မာနိုင်ငံတွင် ထုတ်ပြန်ကြေညာပေးစေလိုပါက သတ်မှတ်ထားသည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ) တို့ကို ပူးတွဲ၍ နည်းဥပဒေ ၅ ပါ သတင်းအချက်အလက်နှင့် အထောက်အထားများအပြင် အောက်ပါတို့ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ ယင်းဘာသာနှစ်ရပ်လုံးဖြင့်ဖြစ်စေဖော်ပြ၍ သံတမန်လမ်းကြောင်းအတိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဗဟိုအဖွဲ့သို့လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံဖြစ်ပါက ဗဟိုအဖွဲ့ရုံးသို့လည်းကောင်း ပေးပို့တောင်းဆိုနိုင်သည်-

(က) ပြည်ပနိုင်ငံတွင် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားမှု အခြေအနေ၊

(ခ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ထားမှုအခြေအနေ၊

(ဂ) တောင်းဆိုသည့်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်အမည်နှင့် ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်း၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာ။

၇။ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် ဗဟိုအဖွဲ့ရုံးသည် နည်းဥပဒေ ၆ အရ ပြည်ပနိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုချက်ကို လက်ခံရရှိပါက တောင်းဆိုစာနှင့်အတူ ပူးတွဲပေးပို့သည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ) တို့ကို ဗဟိုအဖွဲ့သို့ ချက်ချင်းအကြောင်းကြား၍ ပေးပို့ရမည်။

၈။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် သက်ဆိုင်ရာပြည်ပနိုင်ငံကို ခြေကုပ်စခန်းအဖြစ် အသုံးပြု၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်းသို့ ဝင်ရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု ကျူးလွန်သည့် အကြမ်းဖက်သမားတစ်ဦးချင်း အမည်စာရင်းကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စု အမည်စာရင်းကိုဖြစ်စေ၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများစာရင်းကိုဖြစ်စေ သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏အာဏာပိုင်က ကြေညာချက်ထုတ်ပြန်ပေးရန် တောင်းဆိုနိုင်ရေးအတွက် သတ်မှတ်ထားသည့် ပုံစံ(က)၊ ပုံစံ(ခ)နှင့် ပုံစံ(ဂ) တို့ကို ပူးတွဲ၍ နည်းဥပဒေ ၅ နှင့် ၆ တို့ပါ သတင်းအချက်အလက်နှင့် အထောက်အထားများဖော်ပြပြီး ဗဟိုအဖွဲ့ရုံးသို့သော်လည်းကောင်း၊ သံတမန်လမ်းကြောင်းအရ ပေးပို့နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့သော်လည်းကောင်း ပေးပို့ရမည်။

၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ပါ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်းရှိသော သူတစ်ဦးချင်းကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်လည်းကောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်၍ ကြေညာကြောင်းသိရှိသည့်အခါ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် ဗဟိုအဖွဲ့ရုံးသည် ယင်းဆုံးဖြတ်ချက်ကို ဗဟိုအဖွဲ့နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

၁၀။ ဗဟိုအဖွဲ့သည် -

(က) ကုလသမဂ္ဂလုံခြုံရေးကောင်စီက အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် သတ်မှတ်ကြေညာထားသည့် နိုင်ငံတော်အတွင်းရှိသော သူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း၊ အသင်းအဖွဲ့နှင့် အုပ်စုတစ်ခုခုမှာ အကြမ်းဖက်မှုကျူးလွန်သည့်အတွက် နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိပါက ထိုသို့သတ်မှတ်ကြေညာထားသူ တစ်ဦးချင်းနှင့် အုပ်စုတို့ကို အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုအဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အမိန့်ကြော်ငြာစာဖြင့် ကြေညာချက်ထုတ်ပြန်ရမည်။ ထိုကြေညာချက်ကို သတင်းစာ၊ ဂျာနယ်စသည့် စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြား အပါအဝင် သတင်းမီဒီယာတို့မှ အများပြည်သူသိရှိရန် အသိပေးကြော်ငြာရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်ကြေညာသည့် အကြမ်းဖက်သမားတစ်ဦးချင်းနှင့် အကြမ်းဖက်အုပ်စုများကိုလည်းကောင်း၊ ယင်းတို့ကိုအားပေးကူညီသူများနှင့် တစ်နည်းနည်းဖြင့် ငွေကြေးထောက်ပံ့သော ပြည်ပနိုင်ငံများမှ အကြမ်းဖက်အဖွဲ့အစည်းများကိုလည်းကောင်း လိုအပ်သလို အရေးယူဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏အာဏာပိုင်သို့ အကြောင်းကြားရမည့်အပြင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့လည်း ဆောလျင်စွာ အကြောင်းကြားရမည်။

၁၁။ ဗဟိုအဖွဲ့သည်-

(က) နည်းဥပဒေ ၅ အရ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ တင်ပြချက်ကိုဖြစ်စေ၊ နည်းဥပဒေ ၆ အရ ပြည်ပနိုင်ငံတစ်ခုခု၏ တောင်းဆိုချက်ကိုဖြစ်စေ စိစစ်ပြီး ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ပါ စီရင်ပိုင်ခွင့်ရှိသော နေရာဒေသအတွင်း အကြမ်းဖက်မှုများ ကျူးလွန်ကြောင်းတွေ့ရှိရပြီး နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေရှိသဖြင့် တားဆီးနှိမ်နင်းပြီး အရေးယူရန် ပေါ်ပေါက်သည့်အခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ၁၉၉၉ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၂၆၇၊ ၂၀၀၁ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၃၆၈၊ အမှတ် ၁၃၇၃ နှင့် အမှတ် ၁၃၇၇၊ ၂၀၀၃ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၅၁၆၊ ၂၀၁၁ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၁၉၈၉၊ ၂၀၁၅ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၂၅၃၊ ၂၀၁၇ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၃၄၇၊ အမှတ် ၂၃၆၈ နှင့် အမှတ် ၂၃၉၆၊ ၂၀၁၉ ခုနှစ်၊ ဆုံးဖြတ်ချက်အမှတ် ၂၄၆၂ နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆက်စပ်သော ဆုံးဖြတ်ချက်များနှင့်အညီ အကြမ်းဖက်မှုများအား ထိရောက်စွာတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကို ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု ကျူးလွန်သည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကြေညာချက်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။ ထိုကြေညာချက်ကို အများပြည်သူသိရှိရန် သတင်းစာ၊ ဂျာနယ် စသည့် စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြား အပါအဝင် သတင်းမီဒီယာတို့မှ အသိပေးကြော်ငြာရမည်။

(ခ) နည်းဥပဒေခွဲ(က) အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ထုတ်ပြန်ကြေညာချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate–CTED) သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်လမ်းကြောင်းအရသော်လည်းကောင်း၊ ဗဟိုအဖွဲ့ရုံးသို့သော်လည်းကောင်း ပေးပို့နိုင်ရန် အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်ကြေညာသည့် အကြမ်းဖက်သမားတစ်ဦးချင်းနှင့် အကြမ်းဖက်အုပ်စုများကို အားပေးကူညီသူများနှင့် တစ်နည်းနည်းဖြင့် ငွေကြေး ထောက်ပံ့သူများမှာ ပြည်ပနိုင်ငံများမှ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်နွှယ်ပတ်သက်မှုများရှိပါက ထိုသူများနှင့် အဖွဲ့အစည်းများကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏ အာဏာပိုင်သို့ အကြောင်းကြားရမည့်အပြင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့လည်း ဆောလျင်စွာ အကြောင်းကြားရမည်။

(ဃ) မိမိနိုင်ငံမှထုတ်ပြန်ကြေညာထားသည့် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး အဖွဲ့အစည်းများထံသို့ အချက်အလက် ပေးပို့ရမည်ဖြစ်ပြီး ဖြစ်နိုင်သမျှ အရေးယူရမည်။

၁၂။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့က နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က) အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် အမိန့်ကြော်ငြာစာဖြင့် ကြေညာချက်ထုတ်ပြန်ပြီးနောက် ဗဟိုအဖွဲ့၏အကြောင်းကြားချက်အရ အဆိုပါ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအား အရေးယူပိတ်ဆို့မှုဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး(Counter Terrorism Committee Executive Directorate–CTED) သို့ ကနဦးအကြောင်းကြားရမည်။ ထို့နောက် အရေးယူသည့်စာရင်း (Sanction List) သို့ တရားဝင်ထည့်သွင်းနိုင်ရန် လိုအပ်သည့် အချက်အလက် အပြည့်အစုံကို ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး(CTED)၏ သတ်မှတ်ချက်များနှင့်အညီ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီက ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (CTED)သို့ ပေးပို့အကြောင်းကြားရမည်။

၁၃။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတော်အတွင်းရှိသော သူတစ်ဦးဦးကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စုအဖြစ်လည်းကောင်း၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်လည်းကောင်း သတ်မှတ်ကြေညာထားပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရ အကြမ်းဖက်သမား၊ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ်မှ ပြန်လည်ရုပ်သိမ်းသည့်အခါ ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများမှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေမရှိတော့ပါက နည်းဥပဒေ ၁၀ အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ထုတ်ပြန်ကြေညာထားချက်ကို ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြန်လည်ရုပ်သိမ်းနိုင်သည်။

၁၄။ (က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၁၁ အရ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းက အကြမ်းဖက်လုပ်ရပ်များကို မည်သည့်အခါမျှ ပြုလုပ်ခြင်းမရှိသဖြင့် သို့မဟုတ် ယခင်က ပြုလုပ်မိခဲ့သော်လည်း ဆက်လက်၍ ပြုလုပ်တော့ခြင်းမရှိသဖြင့် ၎င်းတို့အား အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများအဖြစ် ဗဟိုအဖွဲ့က ကြေညာထားခြင်းကို ပြန်လည်သုံးသပ်ပြီး ရုပ်သိမ်းပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် သတ်မှတ်ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းက ထိုသို့ကြေညာထားခြင်းကို ပြန်လည်သုံးသပ်ပြီး ရုပ်သိမ်းပေးရန် ခိုင်လုံသော အထောက်အထားများဖြင့် တင်ပြချက်အပေါ် ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ စုံစမ်းထောက်လှမ်း၍ တင်ပြချက်ကို စိစစ်သုံးသပ်ပြီး ပြန်လည်ရုပ်သိမ်းသင့် မသင့် သဘောထားမှတ်ချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်လမ်းကြောင်းအရဖြစ်စေ၊ ဗဟိုအဖွဲ့ရုံးမှတစ်ဆင့်ဖြစ်စေ ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အမှုဆောင်ညွှန်ကြားရေးမှူးရုံး (Counter Terrorism Committee Executive Directorate –CTED) သို့ တင်ပြရမည်။

၁၅။ ဗဟိုအဖွဲ့သည် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းခံရသည့် ပုဂ္ဂိုလ်၊ အုပ်စု သို့မဟုတ် အဖွဲ့အစည်းနှင့် ပတ်သက်၍ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (က)အရ တင်ပြချက်ကို စိစစ်ပြီး-

(က) ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများမှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေ ရှိ မရှိနှင့် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်ဖွယ်ရာ ရှိ မရှိတို့ကို စုံစမ်းထောက်လှမ်းပြီး တင်ပြစေရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကို တာဝန်ပေးရမည်။

(ခ) အကြမ်းဖက်မှုများ တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ စုံစမ်းထောက်လှမ်း တင်ပြချက်အရ ထိုအကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုနှင့် အဖွဲ့အစည်းတို့မှာ နိုင်ငံတော်နှင့် အများပြည်သူကို ဘေးအန္တရာယ်ပြုနိုင်သည့် အခြေအနေမရှိတော့ကြောင်းနှင့် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်ဖွယ်ရာမရှိကြောင်း တွေ့ရှိသည့်အခါ ၎င်းတို့အား အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် ကြေညာထားခြင်းကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း(၄)

## အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများကို ထိန်းချုပ်ခြင်း

၁၆။ ဗဟိုအဖွဲ့သည် –

(က) နည်းဥပဒေ ၁၀ နှင့် ၁၁ တို့အရ ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်းနှင့် အသွင်ပြောင်းလဲခြင်းတို့ မပြုလုပ်နိုင်ရန် ထိန်းချုပ်မိန့် ထုတ်ပြန်ရမည်။ ထို့ပြင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှ မပြုလုပ်ရန် တားမြစ်ချက်ထုတ်ပြန်ရမည်။

(ခ) ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများအား ထိရောက်စွာ တားဆီးကာကွယ်ရေး၊ နှိမ်နင်းရေး၊ အရေးယူရေးနှင့် ၎င်းတို့ပိုင် ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးရေး၊ ရှာဖွေဖော်ထုတ်ရေးနှင့် သိမ်းဆည်းရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီကို တာဝန်ပေးရမည်။

၁၇။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့က နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (ခ) အရ တာဝန်ပေးအပ်လာသည့်အခါ ကြေညာချက်ထုတ်ပြန်ထားသည့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ ရှာဖွေဖော်ထုတ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူခြင်းတို့ပြုရန် သက်ဆိုင်ရာ တပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ရမည်။

၁၈။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း ကိစ္စရပ်အတွက် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၅)

## မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ ပြုလုပ်မှုများကို တားဆီးနှိမ်နင်းခြင်းနှင့် တိုက်ဖျက်ခြင်း

၁၉။ တိုကျိုကွန်ဗင်းရှင်းအပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်၌ သူတစ်ဦးဦးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှုနှင့်စပ်လျဉ်း၍ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန် မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေရန်အလို့ငှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြစ်မှုတစ်ခုခုကို တမင်ကျူးလွန်လျှင် ဥပဒေအရ ပြစ်မှုမြောက်သည်။

၂၀။ (က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇ ပါ လေယာဉ်ပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှုများကို ယင်းဥပဒေပုဒ်မ ၆၀ ပါ တရားခံအား ပြည်ပသို့ လွှဲပြောင်းပေးသည့်ကိစ္စနှင့်ပြစ်မှုများတွင် အပြန်အလှန်အကူအညီပေးရန်ကိစ္စများတွင် နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့် ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဖြစ်သည်ဟု မှတ်ယူခြင်း၊ ငြင်းပယ်ခြင်း မပြုရ။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်း ပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုတစ်ခုခုသည်–

(၁) စစ်ရေးကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ၊ အကောက်ခွန်ကောက်ခံရန်ကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ၊ လုံခြုံရေးနှင့် ရဲလုပ်ငန်းကိစ္စအတွက် အသုံးပြုသည့် လေယာဉ်တွင်ဖြစ်စေ ကျူးလွန်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် ယင်းလေယာဉ်တစ်စီးစီးက ဖော်ပြပါကိစ္စအတွက်မဟုတ်ဘဲ အကြမ်းဖက်မှုအတွက် အသုံးပြုခြင်းသော်လည်းကောင်း၊ ပြည်သူများအား သယ်ယူပို့ဆောင်ပေးသည့် ဝန်ဆောင်မှုပေးချိန်တွင် ကျူးလွန်ခြင်းသော်လည်းကောင်းဖြစ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

(၂) နိုင်ငံတော်တွင် တည်ဆဲလေယာဉ်အက်ဥပဒေအရ မှတ်ပုံတင်ထားသော လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်းဖြစ်ပါက မည်သည့်နေရာတွင်ရှိစေကာမူ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ အရ ထိုပြစ်မှုကျူးလွန်သူကို စီရင်ပိုင်ခွင့်ရှိစေရမည်။

၂၁။ နိုင်ငံတော်၏ လေဆိပ်တစ်ခုခုမှ ပြည်ပသို့ ပျံသန်းထွက်ခွာသည့် လေယာဉ် သို့မဟုတ် နိုင်ငံတော်၏ လေဆိပ်တစ်ခုခုသို့ ဆင်းသက်မည့်လေယာဉ်၏ လေယာဉ်မှူးသည် လေယာဉ်ဝန်ဆောင်မှုပေးချိန်နှင့် လေယာဉ်ပျံသန်းချိန်တို့တွင် လေယာဉ်ကိုဖြစ်စေ၊ လေယာဉ်ပေါ်ရှိ လူနှင့်ပစ္စည်းများကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေမည်ဟု ထင်မြင်သည့်အခါ သို့မဟုတ် လေယာဉ်ပေါ်တွင် စည်းကမ်းတကျရှိမှုကို ပျက်ပြားစေသည့်အခါတွင် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် စည်းကမ်းတကျရှိစေရန်အလို့ငှာ ကျူးလွန်သူကို လေယာဉ်ပေါ်မှ ဆင်းစေခြင်း သို့မဟုတ် ကိုယ်တိုင်ရှာဖွေဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ရှာဖွေဖမ်းဆီးထိန်းသိမ်းစေရန် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များကို အကူအညီတောင်းခံခြင်း ပြုနိုင်သည်။

၂၂။ လေယာဉ်အမှုထမ်းများသည် နည်းဥပဒေ ၂၁ ပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အတွက် လေယာဉ်မှူးက အကူအညီတောင်းခံသည့်အခါဖြစ်စေ၊ ကိုယ်တိုင်တွေ့မြင်သိရှိသည့်အခါဖြစ်စေ ထိုသို့ကျူးလွန်သူကို ရှာဖွေဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုနိုင်သည်။

၂၃။ လေယာဉ်မှူးနှင့် လေယာဉ်အမှုထမ်းတို့သည် နည်းဥပဒေ ၂၁ နှင့် ၂၂ တို့အရ ဆောင်ရွက်ရာတွင် ကျူးလွန်သူမှာ အမျိုးသမီးဖြစ်ပါက ရှာဖွေဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းတို့ပြုရာတွင် ဖြစ်နိုင်သမျှ အမျိုးသမီးများ၏ အကူအညီဖြင့် ဆောင်ရွက်နိုင်သည်။

၂၄။ (က) လေယာဉ်မှူးသည်–

(၁) နည်းဥပဒေ ၂၁ နှင့် ၂၂ တို့အရ ဖမ်းဆီးထိန်းသိမ်းထားသူများကို နိုင်ငံတော်တွင် လေယာဉ်ဆင်းသက်သည့်အခါ သက်ဆိုင်ရာရဲအရာရှိထံသို့ဖြစ်စေ၊ လူဝင်မှုကြီးကြပ်ရေးအရာရှိထံသို့ဖြစ်စေ လွှဲအပ်နိုင်သည်။ အကယ်၍ စာချုပ်ဝင်နိုင်ငံ တစ်ခုခုတွင် လေယာဉ်ဆင်းသက်ခြင်းဖြစ်လျှင် ထိုနိုင်ငံ၏ ရဲအရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိ တာဝန်ထမ်းဆောင်သော အရာရှိထံသို့ လွှဲအပ်နိုင်သည်။

(၂) နည်းဥပဒေ ၂၁ နှင့် ၂၂ တို့ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်သည့်ကိစ္စနှင့် အရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ လေယာဉ်ကိုအပိုင်စီးသည့် အခြေအနေကိုလည်းကောင်း လေယာဉ်မဆင်းသက်မီ သက်ဆိုင်ရာနိုင်ငံ၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူထံ ဖြစ်နိုင်သမျှ ချက်ချင်းအကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ် (၁)အရ လွှဲအပ်၍လက်ခံရရှိသော ရဲအရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိတာဝန်ထမ်းဆောင်သော အရာရှိသည် နည်းဥပဒေ ၂၁ နှင့် ၂၂ တို့ပါ ပြုလုပ်မှုတစ်ခုခုကျူးလွန်သူကို လေယာဉ်မှ ထွက်ခွာခိုင်းသည့်ကိစ္စတွင် ထိုသူနှင့် သက်ဆိုင်သည့် နိုင်ငံ၏ အခွင့်အာဏာပိုင်ထံသို့ဖြစ်စေ၊ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ အကြောင်းကြားနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

၂၅။ (က) ပြည်ပနိုင်ငံ တစ်ခုခုတွင်ရှိသော နိုင်ငံတော်၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့သည် နိုင်ငံတော်တွင် မှတ်ပုံတင်ထားသော မြို့ပြလေကြောင်းပျံသန်းရေးလေယာဉ်နှင့် စပ်လျဉ်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများ ဖြစ်ပွားကြောင်းရရှိသည့် အောက်ဖော်ပြပါ သတင်းအချက်အလက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ချက်ချင်းသတင်းပို့ရမည် –

(၁) ကျူးလွန်သည့် ပြစ်မှုဖြစ်ပွားပုံနှင့် အကျဉ်းချုပ်၊

(၂) အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စု ကိုယ်ရေးအချက်အလက်များ (သိရှိလျှင်)၊

(၃) လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများက အရေးယူဆောင်ရွက်မှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ။

(ခ) နိုင်ငံခြားရေးဝန်ကြီးဌာနသည် နည်းဥပဒေခွဲ(က) အရ ရရှိသည့်သတင်းအချက်အလက်ကို အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

၂၆။ နိုင်ငံတော်အတွင်းရှိ လေဆိပ်တစ်ခုခု၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၀ ပါ မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေဆိပ်အား ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတင်းအချက်အလက်ကို အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည် –

(က) ကျူးလွန်သည့် ပြစ်မှုဖြစ်ပွားပုံနှင့် အကျဉ်းချုပ်၊

(ခ) အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုကိုယ်ရေးအချက်အလက်များ (သိရှိလျှင်)၊

(ဂ) လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းများက အရေးယူဆောင်ရွက်မှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ။

၂၇။ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ရရှိသောသတင်းအချက်အလက်များကို ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၂၈။ အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသည်–

(က) အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်က အတည်ပြုပြဋ္ဌာန်းသည့် ၁၉၄၄ ခုနှစ်၊ ချီကာဂိုကွန်ဗင်းရှင်း၏ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအား ဥပဒေမဲ့အဖျက်အမှောင့် ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာ နောက်ဆက်တွဲ အမှတ် ၁၇ (ICAO Annex 17: Security– Safeguarding International Civil Aviation Against Acts of Unlawful Interference) ပြဋ္ဌာန်းချက်တို့နှင့်အညီ မြို့ပြလေကြောင်းနှင့် လေဆိပ်များ လုံခြုံရေးဆိုင်ရာ အစီအစဉ်များကိုချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအား ဥပဒေမဲ့အဖျက်အမှောင့် ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာနောက်ဆက်တွဲအမှတ် ၁၇ ပြဋ္ဌာန်းချက်တို့နှင့် အညီ အောက်ဖော်ပြပါ မြို့ပြလေကြောင်းလုံခြုံရေးအစီအစဉ်များကို ရေးဆွဲတင်ပြစေရန်နှင့် ထိုအစီအစဉ်များတွင် ဥပဒေမဲ့အဖျက်အမှောင့်ပြုလုပ်မှုများအား ကြိုတင်ကာကွယ်ခြင်း၊ ပြုလုပ်လာပါက တုံ့ပြန်ဆောင်ရွက်ခြင်း စသည့်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ (Standard Operating Procedure–SOP) နှင့်အညီ သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုက်နာဆောင်ရွက်စေရေးနှင့် အနီးကပ်ကြီးကြပ်ရေးတို့အတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအား တာဝန်ပေးရမည် –

(၁) အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေး အစီအစဉ်၊

(၂) အမျိုးသားမြို့ပြလေကြောင်းအရည်အသွေးထိန်းချုပ်မှု အစီအစဉ်၊

(၃) အမျိုးသားမြို့ပြလေကြောင်းလုံခြုံရေးလေ့ကျင့်မှု အစီအစဉ်။

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ရေးဆွဲချမှတ်ထားသော မြို့ပြလေကြောင်းနှင့် လေဆိပ်များ လုံခြုံရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လေကြောင်းလိုင်းပိုင်ရှင်များ၊ လေဆိပ်နှင့် လေကြောင်းပို့ဆောင်ရေးဆိုင်ရာ အော်ပရေတာများ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်နေသူများ၊ လေဆိပ်အာဏာပိုင်များ၊ လေဆိပ် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်းကောင်း၊ လိုအပ်ပါက တပ်မတော်တပ်ဖွဲ့ဝင်များကိုလည်းကောင်း တာဝန်ပေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ

၂၉။ သက်ဆိုင်ရာလေကြောင်းလိုင်းပိုင်ရှင်များ၊ လေဆိပ်နှင့် လေကြောင်းပို့ဆောင်ရေးဆိုင်ရာ အော်ပရေတာများ၊ လေဆိပ်အာဏာပိုင်များနှင့် လေဆိပ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ချမှတ်ထားသော မြို့ပြလေကြောင်းနှင့် လေဆိပ်များလုံခြုံရေးဆိုင်ရာ အစီအစဉ်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည် –

(က) လေဆိပ်နှင့် လေဆိပ်ပတ်ဝန်းကျင်တွင် ကန့်သတ်နယ်မြေများ သတ်မှတ်၍ အထူးလုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) လေဆိပ်ကန့်သတ်နယ်မြေအတွင်း ဝင်ခွင့်ထွက်ခွင့် ကတ်ပြားစနစ်နှင့် လေဆိပ်သို့ ဝင်ထွက်သည့် ညှော်ကတ်ပြားစနစ်ထားရှိခြင်း၊

(ဂ) လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းကို ၂၄ နာရီပတ်လုံး စနစ်တကျအလှည့်ကျဂရုစိုက်၍ ဆောင်ရွက်စေခြင်း၊

(ဃ) လေဆိပ်နှင့် လေကြောင်းဝန်ဆောင်မှုပေးသူများအား လုံခြုံရေးကတ်ပြားစနစ်ဖြင့် ဆောင်ရွက်စေခြင်း၊

(င) လေဆိပ်ပရိဝုဏ်အတွင်း လုံခြုံရေးကင်မရာများတပ်ဆင်၍ ကြီးကြပ်ထိန်းချုပ်ခြင်း၊

(စ) လေကြောင်းဖြင့် သယ်ယူပို့ဆောင်မည့် အောက်ဖော်ပြပါ လူနှင့်ကုန်စည်များကို စစ်ဆေးရှာဖွေရေးကိရိယာများဖြင့် စစ်ဆေးရှာဖွေခြင်း –

(၁) လေယာဉ်ပေါ်တက်ခွင့်လက်မှတ်နှင့်အတူ ခရီးသည်များ၊

(၂) စိစစ်ရေးကတ်ပြားနှင့်အတူ လေယာဉ်ဝန်ထမ်းများ၊

(၃) ခရီးသည်နှင့်အတူပါသော ဝန်စည်စလယ်နှင့် လက်ဆွဲအိတ်များ၊

(၄) ခရီးသည်နှင့်အတူမပါသော ပစ္စည်းများ၊ ချောထုပ်များ။

(ဆ) လေယာဉ်တင် အစားအသောက်များကို အသိအမှတ်ပြုအော်ပရေတာ၏ လုံခြုံရေးအစီအစဉ်ဖြင့် ဆောင်ရွက်စေခြင်း၊

(ဇ) လေယာဉ်တင် ကုန်စည်၊ ဝန်ဆောင်မှုပစ္စည်း၊ အထူးပါဆယ်နှင့် ချောစာများကို အသိအမှတ်ပြုကုန်စည်ပို့ဆောင်သူက တာဝန်ယူ၍ တင်ပို့စေခြင်း၊

(ဈ) လေဆိပ်နှင့် လေကြောင်းလုံခြုံရေး အရာရှိများ၊ စစ်ဆေးရှာဖွေရေး အရာရှိများကို ကျွမ်းကျင်မှု လေ့ကျင့်သင်တန်းများပေးပြီးမှ လုပ်ငန်းဆောင်ရွက်စေခြင်း၊ ထိုအရာရှိများက လုံခြုံရေးဆောင်ရွက်ရာတွင် လိုအပ်ပါက ရဲတပ်ဖွဲ့ဝင်များ၏ အကူအညီတောင်းခံ၍ ဆောင်ရွက်ခြင်း၊

(ည) စစ်ဆေးရှာဖွေခြင်းကို ငြင်းဆန်သူအား လေဆိပ်အတွင်း ဝင်ရောက်ခြင်းကိုတားမြစ်ခြင်း၊ ခွင့်ပြုချက်မရှိဘဲဝင်ရောက်သူအား ဝင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် ငြင်းပယ်ခံရသူက အတင်းအကျပ်ဝင်ရောက်ရန် ကြိုးစားပါက လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ခြင်း၊

(ဋ) တားမြစ်ကန့်သတ်ထားသော ပစ္စည်းများစစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူနိုင်ရန် သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ အကြောင်းကြားပြီး ထိုပစ္စည်းများကို အပ်နှံခြင်း၊

(ဌ) တရားဝင်ကိုင်ဆောင်ခွင့်ရှိသည့် လက်နက်၊ ခဲယမ်းများကို ခရီးသည်နှင့်အတူ သယ်ဆောင်ခွင့်မပြုဘဲ လေယာဉ်ဝန်ထမ်းက တာဝန်ယူထိန်းသိမ်းထားခြင်း၊

(ဍ) တားမြစ်ထားသော လက်နက်၊ ခဲယမ်းများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် မီးလောင်လွယ်သော ပစ္စည်းများတွေ့ရှိပါက သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ထံ ချက်ချင်းအကြောင်းကြားပြီး အပ်နှံခြင်း၊

(ဎ) နိုင်ငံတော်အတွင်း ဝင်ရောက်ခွင့်မပြုသည့် ပုဂ္ဂိုလ်များအား ဝင်ခွင့်မပြုဘဲ ပြန်လည်ထွက်ခွာစေခြင်း၊

(ဏ) နည်းဥပဒေခွဲ (ဍ) နှင့် (ဎ) တို့ပါ ကိစ္စများကို တာဝန်အရဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လေကြောင်းလိုင်းအော်ပရေတာ၊ လေဆိပ်အော်ပရေတာနှင့် လေဆိပ်အာဏာပိုင်တို့ မပါရှိလျှင် ထိုကိစ္စကို ယင်းတို့ထံသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(တ) လေယာဉ်ပေါ်တွင် အနှောင့်အယှက်ပြုမှု၊ စည်းကမ်းမဲ့မှုများအား တားဆီးအရေးယူခြင်း၊

(ထ) လေယာဉ်ပေါ်တွင် ပျံသန်းရေးပစ္စည်းကိရိယာတစ်ခုခုအား ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းတို့ကို တည်ဆဲဥပဒေများအရ အရေးယူခြင်း၊

(ဒ) မီးလောင်လွယ်သောပစ္စည်းနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အရည်၊ ဓာတ်ငွေ့ရည်နှင့် ဂျဲလ်များ၊ အခါအားလျော်စွာ လေဆိပ်အာဏာပိုင်အဖွဲ့က တားမြစ်ကန့်သတ်ထားသော ပစ္စည်းများအား လေယာဉ်ပေါ်တွင် သယ်ဆောင်ခြင်းမပြုရန် တားမြစ်ခြင်း၊

(ဓ) လေဆိပ်နှင့် မြို့ပြလေကြောင်းလုံခြုံရေးနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးတို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အကူအညီတောင်းခံခြင်းနှင့် လိုအပ်ပါက တပ်မတော်၏အကူအညီ ရယူဆောင်ရွက်ခြင်း၊

(န) လေဆိပ်နှင့် မြို့ပြလေကြောင်းပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းကို ဥပဒေမဲ့အနှောင့်အယှက်ပြုလုပ်မှုများအား ကာကွယ်ရေးအတွက် လုံခြုံမှုဆိုင်ရာ နောက်ဆက်တွဲ အမှတ် ၁၇ နှင့်အညီ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပါ အခြားပြဋ္ဌာန်းချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ခြင်း။

၃၀။ အမျိုးသားမြို့ပြ လေကြောင်းလုံခြုံရေးလုပ်ငန်းကော်မတီသည် လေဆိပ်လုံခြုံရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လေဆိပ်အာဏာပိုင်များ၊ လေကြောင်းနှင့် လေဆိပ်လုပ်ငန်းဝန်ဆောင်မှုပေးသူများနှင့် ညှိနှိုင်းပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည် –

(က) လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ သူတစ်ဦးဦးကို သေစေခြင်း၊ အပြင်းအထန်နာကျင်စေခြင်း ဖြစ်စေသည့် သို့မဟုတ် အခြေခံအဆောက်အအုံများ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကဲ့သို့ အလားတူ ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများ၊ ဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ လေဆိပ်နှင့် လေယာဉ်ပျံသန်းချိန်တွင် အသုံးပြုမှု၊ သယ်ဆောင်မှု၊ လေယာဉ်ပေါ်မှစွန့်ပစ်မှု သို့မဟုတ် ပစ်ချမှုမရှိစေရေးအတွက် ဇီဝ၊ ဓာတုနှင့်နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများစသည့် အဆိုပါပစ္စည်းကိရိယာများ၊ အရာဝတ္ထုများနှင့် ဆက်စပ်ပစ္စည်းများကို စုံစမ်းထောက်လှမ်းသည့် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း၊ တပ်ဆင်အသုံးပြုခြင်း၊ စုံစမ်းဖော်ထုတ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား နည်းပညာနှင့် ကျွမ်းကျင်မှုလေ့ကျင့်သင်တန်းပို့ချပေးခြင်း၊

(ခ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများစသည့် အဆိုပါပစ္စည်းကိရိယာများနှင့် အရာဝတ္ထုများအား ဘေးအန္တရာယ်မဖြစ်ပေါ်စေဘဲ စနစ်တကျထိန်းသိမ်းထားနိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ (Standard Operating Procedure–SOP) ကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား သင်တန်းပို့ချလေ့ကျင့်ခြင်း၊

(ဂ) လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ လေဆိပ်နှင့် လေယာဉ်အား ထိခိုက်ပျက်စီးစေမှု ဖြစ်ပွားသည့်အခါ ကူညီကယ်ဆယ်ကုသရန် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ စသည့် အဆိုပါပစ္စည်းကိရိယာများနှင့် အရာဝတ္ထုများအား ညစ်ညမ်းမှုသန့်စင်ရေး(Decontamination) အတွက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များအား သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား နားလည်တတ်ကျွမ်းလိုက်နာစေရန် သင်ကြားပို့ချလေ့ကျင့်ခြင်း၊

(ဃ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများစသည့် အဆိုပါပစ္စည်းကိရိယာများနှင့် အရာဝတ္ထုများအားထုတ်လုပ်ရန် အရင်းအမြစ်ပစ္စည်းများ၊ ပုံစံထုတ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုလုပ်ရာတွင် အသုံးပြုသည့် နည်းပညာနှင့် ဆက်စပ်သည့်ဆော့ဖ်ဝဲလ်များ သို့မဟုတ် အလားတူပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုကို လေယာဉ်ဖြင့် သယ်ယူပို့ဆောင်မှု၊ သယ်ယူပို့ဆောင်စေမှု သို့မဟုတ် သယ်ယူပို့ဆောင်မှုအတွက် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှုများအား တားဆီးနိုင်ရေးအတွက် နိုင်ငံတကာသဘောတူညီချက်များအတိုင်း ဆောင်ရွက်စေခြင်း၊ လေဆိပ်များတွင် တာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့များအား ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများဆိုင်ရာ အခြေခံသဘောတရားများအား လေ့ကျင့်သင်ကြားပေးခြင်း၊ နည်းပညာကျွမ်းကျင်မှုနှင့် လိုအပ်သောကိရိယာများ၊ ကာကွယ်ရေးဝတ်စုံများအား ဖြည့်ဆည်းပေးခြင်း စသည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်း။

၃၁။ နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးအတွက်ဖြစ်စေ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက်ဖြစ်စေ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသော သုတေသနပြုလုပ်ခြင်း၊ ဆေးဘက်ဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုခြင်း၊ နည်းပညာနှင့်ဆော့ဖ်ဝဲလ်များ သုတေသနပြုလုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ယင်းတို့ကိုဆောင်ရွက်ရန် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ပါ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုဆိုင်ရာ အကြမ်းဖက်မှုများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃၂။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မြို့ပြလေကြောင်းလုံခြုံရေးအတွက် အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်အရ ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းတာဝန်များကိုပါ ဆောင်ရွက်ရမည်–

(က) မြို့ပြလေကြောင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများအပေါ် ပြစ်မှုကျူးလွန်ခြင်းများအား တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းဖော်ထုတ်ခြင်း၊

(ခ) လေဆိပ်အဆောက်အအုံနေရာများအား ပုံမှန်စောင့်ကြည့်ခြင်းနှင့် ကင်းလှည့်စစ်ဆေးခြင်း၊

(ဂ) လေယာဉ်ဆိုက်ရောက်သည့် ခရီးသည်များနှင့် ထွက်ခွာသည့်ခရီးသည်များတွင် မြို့ပြလေကြောင်းနှင့် လေဆိပ်ကို ခြိမ်းခြောက်မှုအန္တရာယ်ပြုနိုင်မည့်သူများအား စောင့်ကြည့်ခြင်း၊

(ဃ) လေယာဉ်အပိုင်စီးခြင်း၊ အဖျက်အမှောင့်ပြုလုပ်ခြင်း၊ ဗုံး သို့မဟုတ် ပေါက်ကွဲစေသော ပစ္စည်းဖြင့် အခြားခြိမ်းခြောက်မှုများပြုလုပ်ခြင်း၊ မြေပြင်တွင် ဖြစ်ပေါ်လာသည့် တိုက်ခိုက်ခြင်းများနှင့် လူစုလူဝေးဆူပူအုံကြွခြင်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိန်းချုပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခြင်း၊

(င) အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့၊ ဓားစာခံညှိနှိုင်းရေးအဖွဲ့နှင့် ဗုံးရှင်းလင်းရေးအဖွဲ့ စသည့် အထူးလုံခြုံရေးအဖွဲ့များဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် လုံခြုံရေးအရေးပေါ်ဖြစ်စဉ်များ၌ လျှပ်တစ်ပြက်ဝင်ရောက်စီးနင်းမှုပြု၍ အကြမ်းဖက်သမားများအား ချေမှုန်းခြင်း၊

(ဆ) လေဆိပ်နှင့်လေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လုံခြုံရေးတပ်ဖွဲ့က တားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် တားဆီးနှိမ်နင်းရေး ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်း၊

(ဇ) လေယာဉ်ပျံသန်းစဉ်လုံခြုံရေး လိုက်ပါဆောင်ရွက်ခြင်း။

၃၃။ အမျိုးသားမြို့ပြလေကြောင်း လုံခြုံရေးလုပ်ငန်းကော်မတီက လိုအပ်၍ အကူအညီတောင်းခံလာခဲ့လျှင် တပ်မတော်တပ်ဖွဲ့ဝင်များသည် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်–

(က) လေဆိပ်များတွင် လက်နက်အင်အားသုံး၍ ကင်းလှည့်ခြင်း၊ ချေမှုန်းခြင်း၊ အခြားလက်နက်ကိုင်တပ်ဖွဲ့အား အကူအညီပေးရေးလုပ်ငန်းများနှင့် တားဆီးချေမှုန်းခြင်းဆိုင်ရာ အထူးပြုသင်တန်းများ လေ့ကျင့်သင်ကြားခြင်း၊

(ခ) တပ်မတော်အနေဖြင့် မြို့ပြလေကြောင်းလေဆိပ်၏ လေကြောင်းသွားလာမှုဆိုင်ရာများအား ပူးတွဲအသုံးပြုနေခဲ့လျှင် သို့မဟုတ် တပ်မတော်၏နယ်နိမိတ်တွင် အထက်ဖော်ပြပါလေကြောင်းသွားလာမှုဆိုင်ရာများနှင့်

ဆက်စပ်တည်ရှိနေလျှင် ဝင်ထွက်သွားလာမှုထိန်းချုပ်ခြင်းနှင့် အခြားလုံခြုံရေးလုပ်ငန်းစဉ်များအား တာဝန်ယူဆောင်ရွက်ခြင်း၊

(ဂ) မြို့ပြလေကြောင်းအပေါ် ကျရောက်လာနိုင်သည့် ခြိမ်းခြောက်မှုအန္တရာယ် တွက်ဆခြင်းနှင့် ရရှိလာသောသတင်းအား လိုအပ်သလိုဖြန့်ဝေခြင်း၊

(ဃ) ဗုံးရှာဖွေခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လေဆိပ်ပရိဝုဏ်နှင့် အခြားလေဆိပ်အဆောက်အအုံ နယ်မြေများအား ကင်းလှည့်စောင့်ကြပ်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊

(စ) လေယာဉ်အပိုင်စီးခြင်းနှင့် အဖျက်အမှောင့်လုပ်ရပ်များ၊ ဗုံး သို့မဟုတ် ပေါက်ကွဲစေသောပစ္စည်းဖြင့် အခြားခြိမ်းခြောက်မှု အန္တရာယ်များကိုလည်းကောင်း၊ မြေပြင်တိုက်ခိုက်မှုများနှင့် လူစုလူဝေးဖြင့် ဆူပူအုံကြွမှုများနှင့်ပတ်သက်သည့် အရေးပေါ်လုံခြုံရေး အခြေအနေများကိုလည်းကောင်း ထိန်းချုပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) လေဆိပ်များတွင်ဖြစ်ပေါ်သည့် အရေးပေါ်လုံခြုံရေးအခြေအနေများတွင် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အင်အားသုံးချေမှုန်းခြင်း စသည့်တာဝန်များ ထမ်းဆောင်ခြင်း။

**အခန်း (၆)**

**အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအပေါ်**
**ကျူးလွန်မှုများကို တားဆီးနှိမ်နင်းခြင်း**

၃၄။ နိုင်ငံတော်အတွင်း အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအား အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ–

(က) အကြမ်းဖက်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) စာချုပ်ဝင်နိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်၍ အဆိုပါအကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ပြုရမည်။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ) တို့အရ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ အစီရင်ခံရမည်။

၃၅။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ သံတမန်အဖွဲ့ဝင်များနှင့် သံတမန်အဖွဲ့အမှုထမ်းစုတွင်ပါဝင်သူများ၊ သံတမန်အမှုထမ်းစုတွင် ပါဝင်သူများ၏ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များရရှိအောင်ဆောင်ရွက်ပေးရေးနှင့် ၎င်းတို့အား အကြမ်းဖက်မှုများမရှိစေရန် အကာအကွယ်ပေးရေးအတွက် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များအား အသိပညာပေးရန်နှင့် လေ့ကျင့်သင်တန်းများပေးရန် စီစဉ်ဆောင်ရွက်ရမည်။

၃၆။ (က) နိုင်ငံခြားရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များနိုင်ငံတော်သို့ တရားဝင်ခရီးစဉ်ဖြင့် လာရောက်ခြင်းနှင့် ဖြတ်သန်းခြင်းတို့ ပြုလုပ်ပါက ၎င်းတို့အပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅ ပါ အကြမ်းဖက်သည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်းမရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလျက်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ ဆက်သွယ်ညှိနှိုင်း၍ အောက်ပါအချက်များ ဖော်ပြပြီးအကြောင်းကြားရမည်–

(၁) အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်အမည်နှင့် နိုင်ငံသား၊

(၂) နိုင်ငံကူးလက်မှတ်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ၊

(၃) နိုင်ငံတော်အတွင်းသို့ ဝင်ရောက်နေထိုင်မည့် သို့မဟုတ် ဖြတ်သန်းမည့် ဒေသနှင့်အချိန်ကာလ၊

(၄) နိုင်ငံတော်အတွင်းသို့ ဝင်ရောက်ခြင်း သို့မဟုတ် ဖြတ်သန်းခြင်းပြုမည့်အကြောင်းကိစ္စများ။

(ခ) အခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များ လာရောက်သည့်အခါ အလားတူဆောင်ရွက်ရမည်။

၃၇။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များ နိုင်ငံတော်အတွင်းသို့ဝင်ရောက်ခြင်း သို့မဟုတ် ဖြတ်သန်းခြင်းပြုကြောင်း နည်းဥပဒေ ၃၆ အရ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ သိရှိလျှင်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် သိရှိလျှင်ဖြစ်စေ ၎င်းတို့အား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅ ပါ အကြမ်းဖက်သည့်ပြစ်မှုတစ်ခုခုကိုကျူးလွန်ခြင်းမရှိစေရေး၊ လိုအပ်သော အကာအကွယ်များပေးရေး၊ အကြမ်းဖက်မှုဖြစ်ပွားလာပါက တားဆီးနှိမ်နင်းရေးနှင့် အကြမ်းဖက်သမားများအား အရေးယူရေးတို့အတွက် ဗဟိုအဖွဲ့သို့တင်ပြ၍ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီမှ တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များအား တာဝန်ပေးရမည်။

၃၈။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည်–

(က) အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၅ ပါ အကြမ်းဖက်သည့်ပြစ်မှုတစ်ခုခုကို ကျူးလွန်လာပါက လိုအပ်သောလက်နက်အင်အားနှင့် တပ်ဖွဲ့ဝင်အင်အားကိုအသုံးပြု၍ တားဆီးနှိမ်နင်းခြင်းနှင့် ချေမှုန်းခြင်းတို့ပြုပြီး အကြမ်းဖက်သမားများအား လိုအပ်သော အရေးယူမှုများ ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီများသို့ အစီရင်ခံရမည်။

၃၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီတို့သည် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား အကြမ်းဖက်မှုမခံရစေရန် အကာအကွယ်ပေးခြင်း၊ တားဆီးနှိမ်နင်းခြင်း၊ ချေမှုန်းခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

**အခန်း (၇)**

**ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းမှုများကို တားဆီးနှိမ်နင်းခြင်း**

၄၀။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ ပါ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် အကြမ်းဖက်ကျူးလွန်သော ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် လိုအပ်သော လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ချမှတ်ထားသော လုပ်ငန်းအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးပြီး ၎င်းတို့၏ ဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

(ဂ) စာချုပ်ဝင်နိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်၍ အဆိုပါအကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုရမည်။

(ဃ) နည်းဥပဒေခွဲ(က)၊ (ခ)နှင့် (ဂ) တို့အရ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ ဆောလျင်စွာ အစီရင်ခံရမည်။

၄၁။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ တွင် ပါရှိသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုများအပါအဝင် အကြမ်းဖက်သည့် ပြစ်မှုများအား တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ သတ်မှတ်ထားသည့်ပြစ်မှုနှင့် ပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူများ၊ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များ အပါအဝင် ပြည်သူလူထု သိရှိနားလည်စေရေးအတွက် စာသင်ကျောင်းများတွင်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာများတွင်လည်းကောင်း လှည့်လည်၍အသိပညာပေးခြင်း၊ ဆွေးနွေးဟောပြောပွဲများ ကျင်းပပေးခြင်းတို့ပြုနိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်သမားများ၏ ဝါဒဖြန့်မှုများအပေါ် ပြည်သူများ နားလည်မှုမလွဲမှားစေရန် သတင်းအချက်အလက်အမှန်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်သတင်းဝဘ်ဆိုက်နှင့် လူမှုကွန်ရက်များ၊ သတင်းစာ၊ ဂျာနယ်နှင့် လက်ကမ်းစာစောင်များမှတစ်ဆင့် အများပြည်သူသို့ ထုတ်ပြန်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုများအပါအဝင် အကြမ်းဖက်သည့် ပြစ်မှုတစ်ခုခုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ဖွယ်ရာရှိကြောင်း မိမိအမာခံများမှ တစ်ဆင့်ခိုင်လုံသောသတင်းရရှိပါက သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကြိုတင်တားဆီးနှိမ်နင်းရေး၊ ဓားစာခံများလွတ်မြောက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့ ပြုလုပ်စေရမည်။

(ဃ) အကြမ်းဖက်မှုကို စီးနင်းတိုက်ခိုက်ခြင်းမပြုမီ ဓားစာခံများလွတ်မြောက်ရေးအတွက် သင့်လျော်သော ကျွမ်းကျင်သူများပါဝင်သည့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဓားစာခံထိန်းသိမ်းထားသူများနှင့် ဖြစ်နိုင်ခြေရှိသမျှ စေ့စပ်ညှိနှိုင်းဆောင်ရွက်စေရမည်။

၄၂။ နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (ခ) အရ တာဝန်ပေးအပ်လာသည့်အခါ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည် –

(က) အကြမ်းဖက်မှုကျူးလွန်သူများ၏ ဓလေ့စရိုက်များ၊ ပြစ်မှုကျူးလွန်မှုများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းများ၊ လက်နက်များအပေါ် ပြည်သူများ နားလည်သတင်းပေးနိုင်စေရန် ဆွေးနွေးခြင်း၊

(ခ) အကြမ်းဖက်မှုကျူးလွန်သူများအား နောက်ကွယ်မှ ငွေကြေးနှင့် အထောက်အကူပြု ပစ္စည်းထောက်ပံ့ပေးသူများ၊ အားပေးကူညီသူများကို အဓိက စုံစမ်းဖော်ထုတ်၍ အကြမ်းဖက်မှုကျူးလွန်သူများနှင့် ဆက်နွှယ်မှုလမ်းကြောင်းနှင့် နည်းလမ်းများအား ဖြတ်တောက်ခြင်း၊

(ဂ) လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် ပူးပေါင်း၍ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဃ) အထူးလေ့ကျင့်ထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကြိုတင်နေရာချထားခြင်း၊ ဓားစာခံများရှိရာ အဆောက်အအုံ၏ စနစ်ပုံများကို လေ့လာခြင်း။

(င) အကြမ်းဖက်မှု ကျူးလွန်သူများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော ဓားစာခံများလွတ်မြောက်ရေးနှင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုမရှိစေရေးအတွက် အတတ်နိုင်ဆုံး ဦးစားပေးဆောင်ရွက်ခြင်း။

(စ) အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများအား ကူညီဆောင်ရွက်နိုင်ရန် ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊

(ဆ) အကြမ်းဖက်မှုတွင် ပါဝင်ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ဖမ်းဆီး၍ နောက်ကွယ်မှ ထောက်ပံ့သူများ၊ အားပေးကူညီသူများ စီစဉ်ညွှန်ကြားသူများအား ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ထိရောက်သောအရေးယူမှုများ ဆောင်ရွက်ခြင်း။

၄၃။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် –

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော ခေးစာခံအဖြစ် ဖမ်းဆီး ထိန်းသိမ်းသည့် ပြစ်မှုကျူးလွန်သည့် အကြမ်းဖက်သမားများအား ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝရမ်းမပါဘဲ ရှာဖွေဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း ပြုနိုင်သည်။

(ခ) လူတစ်ဦး သို့မဟုတ် လူအများအား အကြမ်းဖက်သမားများမှ ခေးစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သို့မဟုတ် မတရားဖမ်းဆီးချုပ်နှောင်ထားကြောင်း သတင်းရရှိသည့်အခါ ထိုနေရာ သို့မဟုတ် အဆောက်အအုံအတွင်းသို့ အတားအဆီးမရှိဝင်ရောက်၍ ခေးစာခံများကို ကယ်တင်နိုင်သည်။ ထိုသို့ဝင်ရောက်ရာတွင် အတားအဆီးဖြစ်သော တံခါး၊ ပြတင်းပေါက် စသည့် အတားအဆီးများကိုဖျက်ဆီး၍ ဝင်ရောက်နိုင်သကဲ့သို့ ခေးစာခံများကိုကယ်တင်ပြီး အဆိုပါ အတားအဆီးများရှိပါက ဖျက်ဆီး၍ ထွက်နိုင်သည်။

(ဂ) ခေးစာခံများအား ထိုသို့ဝင်ရောက်ကယ်တင်ရာတွင် အကြမ်းဖက်သမားများက အင်အားသုံး၍ အသက်အန္တရာယ်စိုးရိမ်ဖွယ်ရာ ခုခံလာလျှင်သော်လည်းကောင်း၊ ထွက်ပြေးလွတ်မြောက်အောင် ကြိုးပမ်းလျှင်သော်လည်းကောင်း အကြမ်းဖက်သမားအား သေစေသည်အထိ ပစ်ခတ်ဖမ်းဆီးနိုင်သည်။

(ဃ) ခေးစာခံများကို ဝင်ရောက်ကယ်တင်ရာတွင် လူ့ကိုယ်ခန္ဓာနှင့်ပစ္စည်းအပေါ် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် မိမိကိုယ်ကိုလည်းကောင်း၊ အခြားသူ၏ ကိုယ်ကိုလည်းကောင်း ရာဇသတ်ကြီး ပုဒ်မ ၉၆ မှ ၁၀၆ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့် ရှိစေရမည်။

(င) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော ခေးစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုကျူးလွန်သူအကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အရေးယူရမည်။

## အခန်း (၈)

## နျူကလီးယားအဆောက်အအုံများနှင့် သက်ဆိုင်သည့်ပြစ်မှုများနှင့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို တားဆီးနှိမ်နင်းခြင်း

၄၄။ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် –

(က) အပြည်ပြည်ဆိုင်ရာနျူကလီးယားဒြပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်းရှိ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အဖွဲ့အစည်းမှတစ်ဆင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

(ခ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နည်းပညာများတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထားခြင်း၊ ထုတ်လုပ်ခြင်းတို့ဆောင်ရွက်ရာတွင် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယားဒြပ်ပစ္စည်းများနှင့် သက်ဆိုင်သောအပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်ကွန်ဗင်းရှင်းနှင့်အညီ လုံခြုံမှုအဆင့် သတ်မှတ်၍ လိုအပ်သောအစီအမံများ ချမှတ်ပြီး ဆောင်ရွက်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်အား သက်ဆိုင်ရာအစိုးရဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်စေရမည်။

(ဂ) အပြည်ပြည်ဆိုင်ရာနျူကလီးယားဒြပ်ပစ္စည်း သယ်ယူပို့ဆောင်မှုပြုနေစဉ်ကာလအတွင်း နည်းဥပဒေခွဲ(ခ) အရ သတ်မှတ်ထားသောအမျိုးအစားနှင့် အဆင့်အလိုက် ဘေးကင်းလုံခြုံမှု အစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်သူ သို့မဟုတ် တာဝန်ယူ၍ သယ်ယူပို့ဆောင်သူထံမှ အာမခံချက်များရယူထားရမည်။ ထိုသို့ အာမခံချက်များ ရယူထားခြင်း မရှိလျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများကို တည်ဆဲဥပဒေအရ ခွင့်ပြုချက်မရှိဘဲ–

(၁) ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်ခြင်း၊ ပေးပို့ခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း မပြုစေရ။

(၂) နိုင်ငံတော်၏နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်၏ လေဆိပ်၊ သင်္ဘောဆိပ်နှင့် ကုန်းလမ်းဝင်ပေါက်ဂိတ်များမှတစ်ဆင့် ဖြတ်သန်းသယ်ယူပို့ဆောင်ခြင်းကို သော်လည်းကောင်း ခွင့်မပြုရ။

(ဃ) အောက်ပါဆောင်ရွက်ချက်များနှင့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်သတ်မှတ်၍ ထိန်းသိမ်းဆောင်ရွက်ရမည် –

(၁) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အခန်း(၇)ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊

(၂) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ဆောင်ရွက်ချက်များ၊

(၃) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးပို့ရာ၌ရရှိသော သတင်းအချက်အလက်များ၊ ယင်းတို့နှင့် ပူးပေါင်းညှိနှိုင်း၍ လှုပ်ရှားဆောင်ရွက်မှုများ။

၄၅။ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည်–

(က) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများနှင့် အခြားလက်နက်များအား တစ်နည်းနည်းဖြင့် လက်ခံမှု၊ လက်ဝယ်ထားရှိမှု၊ အသုံးပြုမှု၊ ပြုလုပ်မှု၊ လွှဲပြောင်းမှု၊ ပြောင်းလဲမှု၊ စွန့်ပစ်မှု၊ ပျံ့လွင့်စေမှု သို့မဟုတ် ဖြန့်ကြက်ချထားမှုများ မပြုရေးနှင့် တားဆီးရေးအတွက်လည်းကောင်း၊ အဆိုပါ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် လုပ်ဆောင်မှုများအား စောင့်ကြပ်ထိန်းချုပ်ရေးအတွက်လည်းကောင်း လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ခ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ခိုးယူမှု၊ လုယက်မှု၊ အလွဲသုံးစားပြုမှု၊ လိမ်လည်အတုပြုလုပ်မှုများမှ ကာကွယ်ရေးအတွက် လည်းကောင်း၊ ဇီဝနှင့် ဓာတုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားဒြပ်ပစ္စည်းများအား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် တရားဝင်အသုံးပြုလျက်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းများအား ရာခိုင်နှုန်းပြည့်ထိန်းချုပ်ရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် လည်းကောင်း လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိစေရန်အလို့ငှာ သက်ဆိုင်ရာတာဝန်ရှိအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း သို့မဟုတ် ထိုသို့စစ်ဆေးစေခြင်း ပြုရမည်။

(ဂ) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှုများကိုလည်းကောင်း၊ ဇီဝ၊ ဓာတုနှင့်နျူကလီးယားလက်နက်များကို ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှုများကို လည်းကောင်း ထိန်းချုပ်နိုင်စေရန် နိုင်ငံတော်၏ဝင်ပေါက်နေရာများတွင် အဆိုပါ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား စောင့်ကြည့်စစ်ဆေးသည့် စက်ကိရိယာများတပ်ဆင်ခြင်း၊ နယ်စပ်ဒေသများ၌ သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ၏ ရှာဖွေထောက်လှမ်းရေး စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ ပြုရမည်။

(ဃ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ပစ္စည်းကိရိယာများ၊ နျူကလီးယား အဆောက်အအုံများအား အသုံးပြု၍ဖြစ်စေ၊ ဖျက်ဆီး၍ဖြစ်စေ တစ်နည်းနည်းဖြင့် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းထုတ်လွှင့်မှုများနှင့် ဓာတ်ရောင်ခြည်များ ပျံ့လွင့်စေမှုများ မဖြစ်ပွားစေရန် နျူကလီးယားအဆောက်အအုံများအား လုံခြုံရေးအစီအမံများ စနစ်တကျထားရှိခြင်းနှင့် ကြိုတင်ကာကွယ်ရေးအစီအမံများ ပြုလုပ်ဆောင်ရွက်စေရန် သက်ဆိုင်ရာအစိုးရဌာနအား တာဝန်ပေးရမည်။

(င) ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို အသုံးပြု၍ တစ်နည်းနည်းဖြင့် အခြားသူတစ်ဦးဦးကိုသေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန် သော်လည်းကောင်း၊ ပစ္စည်းဥစ္စာကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ ကျူးလွန်မှု သို့မဟုတ် ထိုပစ္စည်းတစ်ခုခုကိုအသုံးပြုမှု၊ လက်ဝယ်ထားမှုသို့မဟုတ်ပြုလုပ်မှုကို တားဆီးရန် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား စနစ်တကျမှတ်ပုံတင်ထားရှိခြင်း၊ မှတ်ပုံတင်ထားသော ယင်းပစ္စည်းတို့နှင့်စပ်လျဉ်းသည့် နေရာဒေသရွှေ့ပြောင်းမှုအားလုံးကို မှတ်တမ်းတင်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခြင်းခံရသည့်အခါ ယင်းတို့ကို ပြန်လည်ရရှိရေးအတွက် ပြည်တွင်းရှိ အာဏာပိုင်အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အဖွဲ့အစည်းမှတစ်ဆင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်စေရန် သက်ဆိုင်ရာအစိုးရဌာနအား တာဝန်ပေးရမည်။

(စ) ဗဟိုအဖွဲ့၏လမ်းညွှန်ချက်အရ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကိုအသုံးပြု၍ အကြမ်းဖက်မှုများပြန့်ပွားစေရေးအတွက် ငွေကြေးထောက်ပံ့မှု ကျူးလွန်သည့် ပြည်ပနိုင်ငံမှ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက ပိုင်ဆိုင်ပြီး မိမိနိုင်ငံ၏ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရှိသော ငွေကြေးနှင့်ပစ္စည်းများကို ထိန်းချုပ်ခြင်းနှင့် ထိုနိုင်ငံများတွင် မှတ်ပုံတင်ထားသော သင်္ဘောများအား မိမိနိုင်ငံ၏ဆိပ်ကမ်းတွင် ဝင်ရောက်ဆိုက်ကပ်ခြင်းတို့ကို ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဆ) နျူကလီးယားအဆောက်အအုံများ နှောင့်ယှက်ဖျက်ဆီးမှုဖြစ်ပွားပါက မှုခင်းများ ဖြစ်ပွားပြီးနောက်ပိုင်း စုံစမ်းစစ်ဆေးမှုစွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ ပြုလုပ်စေရန် သက်ဆိုင်ရာအစိုးရဌာနအား တာဝန်ပေးရမည်။

## အခန်း (၉)

## ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းခြင်း

၄၆။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် –

(က) နိုင်ငံတော်တွင်မှတ်ပုံတင်ထားသော သင်္ဘောများအား ပြည်တွင်းပြည်ပ ဆိပ်ကမ်းများတွင် ရေကြောင်းပို့ဆောင်ရေးကိုလည်းကောင်း၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကိုလည်းကောင်း ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများ ဖြစ်ပွားလာပါက ကိုင်တွယ်ဖြေရှင်းနိုင်မည့် အစီအမံများကို ကြိုတင်ချမှတ်ပြီး ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သော အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ သင်္ဘောများ၊ ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန် စီမံထားရှိသော အထောက်အကူပြုပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပြီး ရေကြောင်းကာကွယ်ရေး လက်နက်ကိုင်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များအား တာဝန်ပေးရမည်။

(ဂ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံနှင့် ထိုအဆောက်အအုံပေါ်ရှိ လူများကို ဘေးအန္တရာယ်ဖြစ်စေသည့် အကြမ်းဖက်မှုများကိုလည်းကောင်း၊ ထိုဥပဒေပုဒ်မ ၃၃ ပါ ပြစ်မှုတစ်ခုခုကို နိုင်ငံတော်၏ပိုင်နက် ပင်လယ်နယ်နိမိတ်တွင်ဖြစ်စေ၊ ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ ပြစ်မှုကျူးလွန်သည့် အကြမ်းဖက်မှုများကိုလည်းကောင်း ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပြီး ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့အား တာဝန်ပေးရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) တို့အရ အကြမ်းဖက်မှုများအား ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့ဆောင်ရွက်ရာတွင် လိုအပ်ပါက တပ်မတော်(ရေ)ကို အကူအညီတောင်းခံနိုင်သည်။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ

(င) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကိုလည်းကောင်း၊ ထိုဥပဒေပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံနှင့် ထိုအဆောက်အအုံပေါ်ရှိ လူများကိုလည်းကောင်း ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် အရေးယူဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ ပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာသင်္ဘောပိုင်ရှင်များ၊ ရေယာဉ်မှူးများနှင့် သင်္ဘောကုမ္ပဏီများ၊ ဆိပ်ကမ်းအာဏာပိုင်နှင့် ဆိပ်ကမ်းကိုယ်စားလှယ်များအား ညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ဆောင်ရွက်ရာတွင် လိုအပ်ပါက သင်္ဘောအား တားဆီးထိန်းသိမ်းရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအား တာဝန်ပေးနိုင်သည်။

(ဆ) နည်းဥပဒေခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့်(စ)တို့အရ ဆောင်ရွက်မှုများကို ဗဟိုအဖွဲ့သို့ အစီရင်ခံရမည်။

၄၇။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် –

(က) ရေကြောင်းဘက်ဆိုင်ရာ အကြမ်းဖက်မှု ပေါ်ပေါက်လာပါက ဆက်သွယ်ဆောင်ရွက်ရမည့်အဖွဲ့များနှင့် တာဝန်ခံများအား သတ်မှတ်တာဝန်ပေးခြင်းနှင့် ထိုအဖွဲ့များနှင့် တာဝန်ခံများအား ဆက်သွယ်ဆောင်ရွက်ရမည့် တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်နှင့် လိပ်စာများကို သတ်မှတ်ကြေညာထားခြင်း၊

(ခ) နိုင်ငံတော်အတွင်းရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများ၏ ဆက်သွယ်ရမည့်တာဝန်ခံပုဂ္ဂိုလ်၊ လိပ်စာ၊ ဖက်(စ်)၊ အီးမေးလ်၊ ဖုန်းနံပါတ်များကို ပြုစုထားရှိခြင်း၊

(ဂ) မိမိလုပ်ငန်းကော်မတီဝင်များနှင့် အခြားလုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ဃ) ဗဟိုအဖွဲ့၏လမ်းညွှန်ချက်အရ အခြားလုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အကြမ်းဖက်မှုများဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်အတွက် ကျွမ်းကျင်သောပုဂ္ဂိုလ်များ ခန့်ထားခြင်းနှင့် အထူးလေ့ကျင့်ထားသည့် တပ်ဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်စေခြင်းနှင့် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(စ) အကြမ်းဖက်မှုများ ဖြစ်ပေါ်လာသည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြအစီရင်ခံစေခြင်း။

၄၈။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်သော ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးအတွက် အောက်ပါလုပ်ငန်းစဉ်များချမှတ်ပြီး အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်–

(က) အကြမ်းဖက်မှုများအား တိုက်ဖျက်ရေးနှင့် စုံစမ်းစစ်ဆေးရေးတို့အတွက် စီမံချက်များ ချမှတ်ခြင်းနှင့် စီမံချက်ပါအတိုင်း တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များအား ကျွမ်းကျင်မှုလေ့ကျင့်သင်တန်းများပေးပြီး လက်တွေ့ကျကျ ကြိုတင်လေ့ကျင့်ဆောင်ရွက်ခြင်း၊

(ခ) ဆိပ်ကမ်းများ၊ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံ၊ သင်္ဘောများပေါ်တွင် အပြည်ပြည်ဆိုင်ရာသင်္ဘောနှင့် ဆိပ်ကမ်းများလုံခြုံရေးဥပဒေ [International Ships and Ports Facility Security Code (ISPS Code)] အရ သတ်မှတ်ထားသော လုံခြုံရေးအဆင့်အတန်းအစီအမံများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဂ) သင်္ဘောပေါ်တွင်လည်းကောင်း၊ ဆိပ်ကမ်းတစ်ခုခုတွင်လည်းကောင်း၊ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံတွင်လည်းကောင်း အကြမ်းဖက်မှုဖြစ်စဉ်၊ ခြိမ်းခြောက်မှု ဖြစ်စဉ်ဖြစ်ပွားပါက ကိုင်တွယ်ဖြေရှင်းမည့် အစီအမံများအားရေးဆွဲပြီး လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) နိုင်ငံတော်ပိုင်နက်ပင်လယ်အတွင်း သွားလာနေသော သင်္ဘောများမှ အကူအညီ တောင်းခံလာလျှင် လိုအပ်သောအကူအညီများပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန် လိုအပ်သောအစီအမံများချမှတ်၍ သင်္ဘောပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ သင်္ဘောသားများအား အသိပညာပေးခြင်း၊

(င) နိုင်ငံတော်ပိုင်နက်ပင်လယ်အတွင်းသွားလာနေသော သင်္ဘော၊ ရေယာဉ်များမှ အကူအညီ တောင်းခံလာလျှင် လိုအပ်သောအကူအညီများပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောအစီအမံများကို ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာသင်္ဘောပိုင်ရှင်၊ ဆိပ်ကမ်းအာဏာပိုင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်းကိုယ်စားလှယ်များအား သတင်းအချက်အလက်များ ပေးပို့ဖလှယ်ဆောင်ရွက်ခြင်း၊

(စ) ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာကွန်ဗင်းရှင်း (Convention for the Suppression of Unlawful Acts Against the Safety of Maritime Navigation–SUA Convention)နှင့် ကမ်းလွန် ရေတိမ်ပိုင်းရှိ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံများအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာ ပရိုတိုကောလ် (Protocol for the Suppression of Unlawful Acts Against the Safety of Fixed Platforms Located on the Continental Shelf (SUA PROT) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း။

၄၉။ ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်သော ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ သင်္ဘောအား ဖမ်းဆီးထိန်းသိမ်းမှုကို ဆောင်ရွက်သည့်အခါ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) ကနဦးစစ်ဆေးဆောင်ရွက်ချက်အား ဆောလျင်စွာပြုလုပ်ခြင်း၊

(ခ) နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိအဖွဲ့အစည်းသို့ ကနဦး စစ်ဆေးတွေ့ရှိချက်များနှင့်အတူ အကြောင်းကြားခြင်း၊

(ဂ) နိုင်ငံမဲ့ဖြစ်ပါက အစဉ်အမြဲနေထိုင်လေ့ရှိသောနိုင်ငံသို့ ကနဦးစစ်ဆေးတွေ့ရှိချက်များနှင့်အတူ အကြောင်းကြားခြင်း။

၅၀။ ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့သည် –

(က) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ရေပြင်တွင် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးအတွက်လည်းကောင်း တာဝန်ရှိသည်။

(ခ) နိုင်ငံတော်၏ပိုင်နက်ပင်လယ်ရေပြင်တွင် ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား လိုအပ်သောတပ်ဖွဲ့အင်အားကိုအသုံးပြု၍ တားဆီးချေမှုန်း ဖြေရှင်းဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင်–

(၁) လိုအပ်သောတပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်။

(၂) ရရှိသည့်အချိန်လုံလောက်ပါက ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီနှင့် အထက်ဌာနသို့ သတင်းပို့ဆောင်ရွက်ရမည်။

(၃) ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် လိုအပ်လျှင် ရေယာဉ်မှူး၏ ဆုံးဖြတ်ချက်ဖြင့် အချိန်မီဆောင်ရွက်နိုင်သည်။

(၄) အတင်းအဓမ္မ အင်အားသုံးခြိမ်းခြောက်ခြင်းခံရ၍ဖြစ်စေ၊ အန္တရာယ်ရုတ်တရက် ကြုံတွေ့ရသည့်အခါတွင်ဖြစ်စေ ရေယာဉ်မှူးသည် ကာကွယ်ခုခံနိုင်သည့် အခွင့်အရေးရှိသည်။

(၅) မိမိကိုယ်ကိုကာကွယ်ခုခံခြင်းအပြင် အခြားသူတစ်ဦးဦးကို အပြင်းအထန်နာကျင်စေမည့်ဘေး သို့မဟုတ် အသက်အန္တရာယ်ဘေးမှ အကာအကွယ်ပေးရန် အကျိုးအကြောင်းခိုင်လုံပါက လိုအပ်သောတပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်။

(၆) ရေယာဉ်မှူးကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် ဘေးအန္တရာယ်ကျရောက်မည့် အခြေအနေကြုံတွေ့ပါက ရေယာဉ်မှူး၏ ဆုံးဖြတ်ချက်ဖြင့် လိုအပ်သောတပ်ဖွဲ့အင်အားကို အသုံးပြုနိုင်သည်။

၅၁။ ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့သည် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရန် သံသယဖြစ်ဖွယ်ရှိသော ပစ်မှတ်ရေယာဉ်အား ရှာဖွေစစ်ဆေးရေး၊ ရပ်တန့်ခြင်းမရှိသော သို့မဟုတ် လိုက်နာရန်ငြင်းဆန်သော ပစ်မှတ်ရေယာဉ်များနှင့် လက်နက်ဖြင့် ပြန်လည်ခုခံလာသော ပစ်မှတ်ရေယာဉ်များအား လိုအပ်သလို တားဆီးနှိမ်နင်းရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၂။ ရေကြောင်းကာကွယ်ရေးလက်နက်ကိုင်တပ်ဖွဲ့သည် ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံဆိုင်ရာ ဘေးအန္တရာယ်ဖြစ်စေမည့် အကြမ်းဖက်မှုများအတွက် ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးလျက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်–

(က) ဥပဒေမဲ့ပြုလုပ်သောအကြမ်းဖက်မှုများအား တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းဖော်ထုတ်ခြင်း၊

(ခ) မြန်မာ့ပင်လယ်ရေပြင်နှင့် ဆိပ်ကမ်းများ၊ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများကို ပုံမှန်စောင့်ကြပ်ခြင်း၊ ကင်းလှည့်စစ်ဆေးခြင်း၊

(ဂ) ရေယာဉ်အပိုင်စီးခြင်း၊ အဖျက်အမှောင့်ပြုလုပ်ခြင်း၊ ဗုံး သို့မဟုတ် အခြားပေါက်ကွဲစေတတ်သော ပစ္စည်းဖြင့် ခြိမ်းခြောက်မှု၊ ဘေးအန္တရာယ်ပြုမှုများအား သက်ဆိုင်ရာတားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၊ ချေမှုန်းရေးတပ်ဖွဲ့များနှင့် ဗုံးရှင်းလင်းရေးအထူးတပ်ဖွဲ့များနှင့် ပူးပေါင်း၍ ထိန်းချုပ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခြင်း၊

(ဃ) ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လုပ်ငန်းဆိုင်ရာဆောင်ရွက်နိုင်ရေးအတွက် တပ်ဖွဲ့ဝင်များအား လေ့ကျင့်ထားရှိခြင်း၊

(င) လိုအပ်သည့်အချိန်တွင် သင်္ဘောပေါ်တွင်လည်းကောင်း၊ သင်္ဘောနှင့်အတူလိုက်ပါ၍ လည်းကောင်း လုံခြုံရေးလိုက်ပါဆောင်ရွက်ခြင်း။

၅၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်အတွင်း ခွင့်ပြုချက် သို့မဟုတ် လိုင်စင်ထုတ်ပေးထားသော ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံများ၏ တည်နေရာနှင့် အချက်အလက်များကို အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (International Maritime Organization–IMO) သို့ ပေးပို့အကြောင်းကြားရမည်။

၅၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်အတွင်းဖြစ်ပေါ်သော ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့် ရေအောက်သယံဇာတ ရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့သို့ အောက်ပါအချက်များဖော်ပြ၍ အကြောင်းကြားရမည်–

(က) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ဖြစ်စဉ်အကျဉ်း၊

(ခ) အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုအမည် (သိရှိလျှင်)၊

(ဂ) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရာ၌ ခရီးသည်နှင့် ကုန်ပစ္စည်းများကို မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ခဲ့သည့်အခြေအနေ၊

(ဃ) ဥပဒေကြောင်းအရ ဆက်လက်၍ အရေးယူဆောင်ရွက်မည့် အစီအစဉ်များ။

၅၅။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည်–

(က) အကြမ်းဖက်မှုဆိုင်ရာကိစ္စအတွက် စုံစမ်းစစ်ဆေးရန် တားဆီးထိန်းသိမ်းထားသော သင်္ဘောနှင့် သင်္ဘောပိုင်ရှင်အား စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီးနောက် အကြမ်းဖက်မှုကျူးလွန်ခြင်းမရှိကြောင်းတွေ့ရှိသဖြင့် အရေးယူဆောင်ရွက်ရန် မလိုအပ်ကြောင်း တွေ့ရှိပါက ရေကြောင်းပို့ဆောင်ရေးနှင့် ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် သင်္ဘောကို ပြန်လည်လွှတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ တားဆီးထိန်းသိမ်းထားသော သင်္ဘောနှင့် သင်္ဘောပိုင်ရှင်အား စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်နေစဉ်ကာလအတွက် ဆိပ်ကမ်းအခွန်အခများကို ကင်းလွတ်ခွင့် ပေးစေရမည်။

## အခန်း (၁၀)
## စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း

၅၆။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော အစီအမံများကို ချမှတ်ထားရမည်။

၅၇။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့သည် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် နည်းဥပဒေ ၅၆ အရ ချမှတ်ထားသော အစီအမံများနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် ကျွမ်းကျင်သူများအား တာဝန်ပေးရမည်။

၅၈။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့သည် ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများအား အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း (The Convention of Plastic Explosives) နှင့်ညီညွတ်ခြင်းမရှိသော အောက်ပါ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအား ဖြစ်နိုင်သမျှဆောလျင်စွာ ဖျက်ဆီးရမည်–

(က) မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း အမှတ်အသားပြုလုပ်ထားခြင်း မရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ၊

(ခ) သက်ဆိုင်ရာအာဏာပိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်သည့်၊ ဖြန့်ဖြူးသည့်၊ တင်သွင်းသည့်၊ တင်ပို့သည့်၊ ဖြတ်သန်းသယ်ဆောင်သည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် ဆိုက်ကပ်ရပ်နားထားသည့် ယာဉ်ပေါ်တွင်ပါရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ။

၅၉။ မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်းပါဝင်ကြောင်း အမှတ်အသား ပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို နိုင်ငံတော်က လုပ်ပိုင်ခွင့်အပ်နှင်းထားသော တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာစီမံအုပ်ချုပ်သူ၏ ကြီးကြပ်မှုအရ တပ်မတော်ကဖြစ်စေ၊ ရဲတပ်ဖွဲ့က ဖြစ်စေ ဆောင်ရွက်မှုများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၀။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့သည် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ လက်နက်တိုက်တွင် ပြည်ပမှတင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ရှိပြီးဖြစ်သော အမှတ်အသား မပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို ဖျက်ဆီးရေးအတွက် လိုအပ်သော လုပ်ငန်းအစီအစဉ်များချမှတ်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအား တာဝန်ပေးအပ်ရမည်။

၆၁။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားဝန်ကြီးဌာနတစ်ခုခု၏ ခွင့်ပြုချက်ဖြင့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှုများကို ကြီးကြပ်ခြင်း၊ ထိုသို့ ဆောင်ရွက်ခွင့်ပြုနိုင်ရန် စိစစ်ပြီး သဘောတူညီချက်ပေးနိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ၁၉၉၁ ခုနှစ် စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများအား အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ အသိပညာပေးခြင်း၊

(ဂ) တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် သို့မဟုတ် မည်သည့်ပေါက်ကွဲစေတတ်သော ပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင်တင်ဆောင်မှုများကို တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့ပြုနိုင်ရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီက နည်းဥပဒေ ၇၂ အရ ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့အား အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ တာဝန်ပေးအပ်ခြင်း၊

(င) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှုနှင့် ဆိုက်ကပ်ရပ်နားမှု စသည်တို့ဆောင်ရွက်ရန် ခွင့်ပြုချက်ထုတ်ပေးသည့် အခွင့်ရအာဏာပိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနက ထိုသို့ခွင့်ပြုချက်မပေးမီ မိမိလုပ်ငန်းအဖွဲ့သို့ ကြိုတင်ညှိနှိုင်းသဘောတူညီချက်ရယူစေခြင်း၊

(စ) ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုတစ်ခုခုကို ကျူးလွန်မှု၊ ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုတို့အပေါ် ဥပဒေအရ အရေးယူတရားစွဲဆိုရန် ထိုဥပဒေပုဒ်မ ၇၀ အရ ကြိုတင်ခွင့်ပြုချက် တောင်းခံရာတွင် စိစစ်ဆောင်ရွက်ပြီး ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများ ချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအား လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်းမပြုရန် တားမြစ်ကန့်သတ်သည့် အမိန့်များ ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ တင်ပြခြင်းနှင့် ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(ဈ) မိမိလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း။

၆၂။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အကြမ်းဖက်မှုများအားတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည်–

(က) တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏ လက်နက်တိုက်တွင် အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကိုသော်လည်းကောင်း၊ ပြည်ပမှ တင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်း ထုတ်လုပ်သော သို့မဟုတ် ရှိပြီးဖြစ်သော အမှတ်အသား မပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကိုသော်လည်းကောင်း ဖျက်ဆီးရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ စီမံဆောင်ရွက်ရာတွင် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို လက်ဝယ်ထားခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းကို ထိရောက်စွာ ကန့်သတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာခြင်း ရှိ မရှိ ကြီးကြပ်ကွပ်ကဲရမည်။

၆၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များသည်–

(က) ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်း ပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်း မည်သည့်အရပ်ဒေသတွင်မဆို ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း ဆောင်ရွက်နိုင်သည်။

(ခ) အမှတ်အသားပြုလုပ်ခြင်းနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဆိုင်ရာ ပစ္စည်းများကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားသည့် ယာဉ်ပေါ်တွင် တင်ဆောင်မှုပြုလုပ်ကြောင်း စုံစမ်းစစ်ဆေးရှာဖွေတွေ့ရှိပါက ချိပ်ပိတ်ခြင်း၊ တားမြစ်ခြင်း၊ တားဆီးကာကွယ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်သတ်မှတ်ရေးယာ လေပိုင်နက်၊ ရေပိုင်နက်နှင့် ကုန်းတွင်းပိုင်နက်အတွင်း အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ဖုံးခွဲ တိုက်ခိုက်မှု ကျူးလွန်ရန် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဆိုင်ရာ အရာဝတ္ထုများသယ်ဆောင်လာသော မည်သည့်ပို့ဆောင်ရေးယာဉ်ကိုမဆို ရပ်တန့်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုချက်မရှိဘဲ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ အရာဝတ္ထုများပါရှိခြင်း၊ သယ်ဆောင်ခြင်း၊ သိုဝှက်ထားခြင်းတို့အား စစ်ဆေးရှာဖွေတွေ့ရှိသည့် မည်သည့်ပို့ဆောင်ရေးယာဉ်ကိုမဆို နိုင်ငံတော်နယ်နိမိတ်အတွင်းမှ

လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းထွက်ခွာခွင့်များအား တားဆီးခြင်း၊ တားမြစ်ခြင်း၊ ပိတ်ဆို့ခြင်း၊ ရပ်တန့်ခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတို့ ပြုနိုင်သည်။

## အခန်း (၁၁)
## အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း

၆၄။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဥပဒေပုဒ်မ ၃၉ ပါ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှု ကြီးမားစွာဖြစ်စေရန် သော်လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုဖြစ်သည့် နိုင်ငံတော်အတွင်း အများပြည်သူအသုံးပြုသည့် နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ဓာတ်ငွေ့ ပိုက်လိုင်း၊ ရေနံပိုက်လိုင်း၊ တာဝါတိုင်များ၊ ဆက်သွယ်ရေးကေဘယ်လိုင်းများ၊ အများပြည်သူ သယ်ယူ ပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံပစ္စည်း တစ်ခုခုတွင်ဖြစ်စေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကို ဖျက်ဆီးမှု ဆိုင်ရာပြစ်မှုများကို တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော အောက်ဖော်ပြပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့အသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်သော်လည်းကောင်း၊ နေပြည်တော် ကောင်စီနှင့်သော်လည်းကောင်း ညှိနှိုင်း၍ဖွဲ့စည်းပေးရမည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေး ကွပ်ကဲမှု အဖွဲ့

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
(၂) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်မတော်နယ်မြေခံတပ်မှ အရာရှိတစ်ဦး — အဖွဲ့ဝင်
(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး၊ — အဖွဲ့ဝင်
(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

(ခ) ပြည်ထောင်စုနယ်မြေ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုတိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့

(၁) ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ခေါင်းဆောင်
(၂) ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့ — အဖွဲ့ဝင်
(၄) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်
(၅) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန — အဖွဲ့ဝင်
(၆) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်
(၇) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်မှုတိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
(၂) ဒုတိယညွှန်ကြားရေးမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်
(၄) မီးသတ်ဦးစီးဌာနမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်
(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်
(၆) ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ — အဖွဲ့ဝင်

(ဃ) ခရိုင်အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) ခရိုင်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
(၂) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်
(၄) ခရိုင်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
(၅) ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
(၆) ခရိုင်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
(၇) ခရိုင်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

(င) မြို့နယ်အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့

(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ခေါင်းဆောင်
(၂) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်
(၃) တပ်မတော်နယ်မြေခံတပ်မှအရာရှိတစ်ဦး — အဖွဲ့ဝင်
(၄) မြို့နယ်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
(၅) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
(၆) မြို့နယ်ဦးစီးမှူး၊ (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ) — အဖွဲ့ဝင်

၆၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်မှု များနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေး၊ ကယ်ဆယ်ရေး၊ စုံစမ်းစစ်ဆေးရေးနှင့် အရေးယူဆောင်ရွက်ရေး တို့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အောက်ဖော်ပြပါအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီနှင့် ညှိနှိုင်း၍ဖွဲ့စည်းပြီး လုပ်ငန်း တာဝန်များ သတ်မှတ်ပေးရမည် –

(က) ဗုံးရှင်းလင်းရေးအဖွဲ့၊
(ခ) ထိခိုက်၊ သေဆုံးသူများကယ်ဆယ်ရေး၊ ကနဦးဆေးကုသရေးနှင့် ဆေးရုံပို့ဆောင်ရေးအဖွဲ့၊
(ဂ) ဗုံးခွဲတိုက်ခိုက်မှု စုံစမ်းစစ်ဆေး အရေးယူရေးအဖွဲ့၊
(ဃ) အခြားလိုအပ်သောအဖွဲ့များ။

၆၆။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) သက်ဆိုင်ရာ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေး ကွပ်ကဲမှုအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်တင်ရေး၊ လေ့ကျင့်သင်တန်း များပေးရေးနှင့် လိုအပ်သောနည်းပညာနှင့် အထောက်အကူပြု ပစ္စည်းကိရိယာများ ဖြည့်တင်းရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက် ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့အသီးသီးအား ဗုံးတွေ့ရှိခြင်း၊ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်း တို့နှင့်စပ်လျဉ်း၍ အနီးကပ်ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ရမည်။

(ဂ) ပြည်သူများလုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရေးနှင့် အကြမ်းဖက်ဗုံးခွဲမှု အသိပညာရှိရေး တို့အတွက် အသိပညာပေးခြင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု၊ ရုံး၊ ဌာနအလိုက် အကြမ်းဖက် ဗုံးခွဲမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခြင်းတို့ ပြုလုပ်စေရန် စီမံ ဆောင်ရွက်ရမည်။

(ဃ) မပေါက်ကွဲသေးသောဗုံးကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်း၊ သက်မဲ့ပြုလုပ်ခြင်း၊ ဖောက်ခွဲ ဖျက်ဆီးခြင်း၊ ဒဏ်ရာရလူနာများအား ကယ်ထုတ်ခြင်း၊ ဆေးရုံတွင်ဆေးကုသခြင်း၊ ပြစ်မှု ကျူးလွန်သောအကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအား စုံစမ်းဖော်ထုတ်ခြင်း တို့ကို သက်ဆိုင်ရာ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့များအား ဆောင်ရွက်စေရမည်။

(င) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တားဆီးကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးအတွက် ကြိုတင် သတင်းရရှိရန် ဆက်စပ်ဌာနများ၊ ပြည်ပနိုင်ငံများနှင့် သတင်းဖလှယ်ညှိနှိုင်းရယူ စုဆောင်း ရမည်။

(စ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူ ဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ရမည်။

(ဆ) အများပြည်သူအသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်စက်ပစ္စည်း ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူသယ်ယူပို့ဆောင်ရေး စနစ် သို့မဟုတ် အခြေခံအဆောက်အအုံ ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှုမပြုလုပ်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လုံခြုံရေးအစီအမံများ ဆောင်ရွက်စေရမည်။

(ဇ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တားဆီးကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်မည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ အရည်အချင်းမြင့်မားရေး၊ ခေတ်မီပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေးအစီအမံများချမှတ်၍ ဆောင်ရွက်ရမည်။

(ဈ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကို ကျူးလွန်မှု၊ ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊ ပေါက်ကွဲ စေတတ်သောဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှုစသည်တို့ကို အရေးယူရာတွင် ကြီးကြပ်ဆောင်ရွက် ရမည်။

(ည) ဒေသဆိုင်ရာ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု တိုက်ဖျက်ရေးကွပ်ကဲမှုအဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင် များနှင့် ဝန်ထမ်းများအရည်အချင်းမြင့်မားရေး၊ ခေတ်မီပစ္စည်းများ တပ်ဆင်အသုံးပြုနိုင် ရေးနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပြီး ကုန်ကျစရိတ်များအတွက် ဘဏ္ဍာငွေတောင်းခံနိုင် ရန် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ဋ) မိမိလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ အခါအားလျော်စွာ တင်ပြ ရမည်။

၆၇။ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်း ကော်မတီကချမှတ်ထားသော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင် ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေး၊ အရေးယူဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်း တာဝန်များကို သတ်မှတ်ထားသောအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်–

(က) ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများဟု မသင်္ကာဖွယ်တွေ့ရှိပါက သတင်းပို့ ဆောင်ရွက် ခြင်း၊
(ခ) လုံခြုံရေးဆောင်ရွက်နေသောတပ်ဖွဲ့ သို့မဟုတ် နယ်မြေရဲစခန်းများနှင့် ပူးပေါင်းဆောင်ရွက် ခြင်း၊

(ဂ) အခင်းဖြစ်နေရာအား စစ်ဆေးခြင်း၊ သက်သေခံပစ္စည်းထိန်းသိမ်းခြင်း၊ စုံစမ်းဖော်ထုတ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဃ) ပြောင်းရွှေ့ကယ်ဆယ်ခြင်းနှင့် ရွှေ့ပြောင်းရေးဆောင်ရွက်ခြင်း။

## အခန်း (၁၂)

## အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေး

၆၈။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူလူထု၏ အကူအညီကိုရယူဆောင်ရွက်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်များ ချုပ်ဆိုရေးအတွက် ဗဟိုအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ဂ) အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား တားဆီးကာကွယ်ရေး အစီအစဉ်များချမှတ်ပြီး ပြည်တွင်းပြည်ပ၌ ကွန်ပျူတာကွန်ရက် ထူထောင်၍ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်း၊

(ဃ) အကြမ်းဖက်မှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် အကြမ်းဖက်မှုအန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် သတင်းဖြန့်ချိရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ခြင်း၊

(င) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးအတွက် အကြမ်းဖက်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ တားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များကို အရည်အချင်းပြည့်မီပြီး ကျွမ်းကျင်မှု ရှိစေရန် လေ့ကျင့်သင်တန်းများပေးခြင်း၊

(စ) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့် တန်ပြန်တိုက်ခိုက်ရေးအတွက် နည်းဥပဒေခွဲ(င)ပါ အဖွဲ့များအားလမ်းညွှန်မှုပေးခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဆ) အကြမ်းဖက်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ချက်အရ အကြမ်းဖက်ခံရသည့်နေရာများကို ထိန်းချုပ်ဖော်ထုတ်ခြင်းနည်းစနစ်ကို အသုံးပြုနိုင်ရန် တင်ပြလာသည့်အခါ စိစစ်ခွင့်ပြုခြင်းနှင့် လိုအပ်ပါက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှုများဖြစ်ပွားရာတွင် အကြမ်းဖက်ခံရသူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးတို့အတွက် ကျွမ်းကျင်သောဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ ပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး တာဝန်ပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်း၊

(ဈ) အကြမ်းဖက်မှုများ ကြိုတင်တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်ရေး၊ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးနှင့်တန်ပြန်တိုက်ခိုက်ရေးတို့ ဆောင်ရွက်ရာတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများနှင့် ငွေကြေးများကို ဗဟိုအဖွဲ့သို့ တင်ပြတောင်းခံပြီး ပံ့ပိုးပေးခြင်း၊

(ည) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများကို အရေးယူရာတွင် ခိုင်လုံသောအထောက်အထားများဖြင့် တရားစွဲဆို တင်ပို့နိုင်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့၏ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း၊

(ဋ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုမှုများတွင် အကြမ်းဖက်ခံရသူများနှင့် သက်သေများ၏ လုံခြုံရေးကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သော လုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ် ကျူးလွန်သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် လိုအပ်ပါက ဗဟိုအဖွဲ့သို့တင်ပြ၍ ဆောင်ရွက်ခြင်း၊

(ဍ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများကို တရားစွဲဆိုအရေးယူရာတွင် သက်ဆိုင်ရာတပ်ဖွဲ့ဝင်များအား လိုအပ်သော အကူအညီများပေးခြင်း၊

(ဎ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အကြမ်းဖက်မှုဖြစ်စဉ်အပေါ် စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ချက်များနှင့် အကြံပြုချက်များကို ဗဟိုအဖွဲ့သို့ တင်ပြအစီရင်ခံခြင်း၊

(ဏ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ လိုအပ်သလို အရေးယူဆောင်ရွက်ရန်အတွက် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(တ) ဗဟိုအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၁၃)

## စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူခြင်း

၆၉။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ လွှဲအပ်တာဝန်ပေးအပ်ချက်အရ အကြမ်းဖက်မှုနှင့်သက်ဆိုင်သည့် သက်သေခံငွေကြေး၊ ပစ္စည်းနှင့် စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်နိုင်သည်–

(က) အကြမ်းဖက်မှုဆိုင်ရာပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် အဆိုပါ သက်သေခံပစ္စည်းကို ပိုင်ဆိုင်သူ၊ လက်ဝယ်ထားသူနှင့် အကြမ်းဖက်မှုဖြင့် စုံစမ်းစစ်ဆေးခြင်းခံရသူအား ထုတ်ဆင့်သည့် တားမြစ်ချက်၊ ထိန်းချုပ်မိန့်နှင့် ထိုအမိန့်တို့ကို ရုပ်သိမ်းသည့်အမိန့်၊

(ခ) သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခွင့်၊ သက်ဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံသို့ ထုတ်ဆင့်သည့်အမိန့်၊

(ဂ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသောငွေကြေး၊ ပစ္စည်းနှင့်အကျိုးအမြတ်များမှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များကို ထုတ်ယူခြင်းမပြုရန် အဆိုပါသက်သေခံပစ္စည်းကို အပ်နှံသူထံသို့လည်းကောင်း၊ ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့သို့လည်းကောင်း ထုတ်ဆင့်သည့် တားမြစ်ချက်။

၇၀။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်သည့်အမိန့်မိတ္တူကို စုံစမ်းစစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းတို့ ပြုရာတွင် လိုအပ်သလို အသုံးပြုနိုင်ရန် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီး နှိမ်နင်းရေးတပ်ဖွဲ့သို့ ပေးပို့ရမည်။

၇၁။ နည်းဥပဒေ ၆၉ အရ အမိန့်ထုတ်ဆင့်ခံရသူ မည်သူမျှ ထိုအမိန့်ပါ တားမြစ်ချက် သို့မဟုတ် ထိန်းချုပ်မိန့်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၂။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အကြမ်းဖက်သမားများအား အရေးယူခြင်းတို့ ဆောင်ရွက်နိုင်ရန် အမှုတစ်ခုချင်းအလိုက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်တစ်ဦး သို့မဟုတ် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးက အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သည့် အရာထမ်းနှင့် အမှုထမ်းအနည်းဆုံး ၃ ဦးက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော အောက်ပါအဖွဲ့များကို ဖွဲ့စည်း၍ တာဝန်ပေးရမည်–

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(ခ) တားဆီးနှိမ်နင်းရေးတပ်ဖွဲ့။

၇၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်း ကော်မတီနှင့်လုပ်ငန်းအဖွဲ့တို့၏ လမ်းညွှန်ချက်နှင့်အညီ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့် ပစ္စည်းများကို အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများသို့ မရောက်ရှိစေရေးနှင့် ၎င်းတို့အတွက် ငွေကြေးထောက်ပံ့သည့်လမ်းကြောင်းများ ဖော်ထုတ်ရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများအား ဖော်ထုတ်ပြီး ဥပဒေအရ ထိရောက်သော အရေးယူခြင်းတို့ ဆောင်ရွက်ရမည်။

၇၄။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့တို့သည် ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အကြမ်းဖက်မှုအပေါ် စုံစမ်းစစ်ဆေးမှုနှင့် အရေးယူမှု ပြုလုပ်သော တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အခြားတားဆီး နှိမ်နင်းရေးတပ်ဖွဲ့များ၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲရမည်။ ၎င်းတို့၏ စုံစမ်းစစ်ဆေး ဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ်တင်ပြရန် ညွှန်ကြားရမည်။

၇၅။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် –

(က) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့် ပစ္စည်းများကို အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများသို့ မရောက်ရှိစေရေးအတွက် စိစစ်ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာဌာနများ သို့မဟုတ် ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပုံမှန် သို့မဟုတ် ရှောင်တခင် စိစစ်ကြပ်မတ်စစ်ဆေးနိုင်ရန် ညွှန်ကြားရမည်။

(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်ရယူရန် မရည်ရွယ်သော အဖွဲ့အစည်းများအဖြစ် အသွင်ယူကာ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အကြမ်းဖက်အုပ်စုကို ငွေကြေးထောက်ပံ့ရန် လမ်းကြောင်းအဖြစ် အသုံးပြုရန်ရည်ရွယ်ဆောင်ရွက်ခြင်း စသည်တို့အပေါ် တားဆီးအရေးယူနိုင်ရန် စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူမှုအစီအမံများ ချမှတ်ခြင်း ဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းနှင့်ရန်ပုံငွေများ ထိန်းချုပ်နိုင်ရေးအတွက် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ဘဏ်များသို့ လိုအပ်သည်များ ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

(ဃ) အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်အသွင်ပြောင်းခြင်း မပြုလုပ်နိုင်ရန် အစိုးရဌာနများ၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် စီးပွားရေးအဖွဲ့အစည်းများ ပူးပေါင်း၍ စောင့်ကြည့်ခြင်းနှင့် သတင်းဖလှယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ရမည်။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ

(င) အကြမ်းဖက်မှုကျူးလွန်သူများ၊ အားပေးကူညီသူများ၊ ပါဝင်ပတ်သက်သူများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်သူများအား သက်သေခံငွေကြေးနှင့် ပစ္စည်းများနှင့်အတူ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲဆိုတင်ပို့ရေးအတွက် စိစစ်ကြီးကြပ် ဆောင်ရွက်ရမည်။

၇၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ညှိနှိုင်းပြီး–

(က) အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်ထားသည့် တားမြစ်ချက်နှင့် ထိန်းချုပ်မိန့်တို့နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြပ်စစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းတို့ ပြုရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်း၊ သက်ဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုခြင်းအတွက် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံသို့ ဆက်သွယ်အကြောင်းကြားပြီး ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေ ၆၉ အရ ထုတ်ဆင့်သည့်အမိန့်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုအစီရင်ခံစာအား အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်း ဆောင်ရွက်ရမည်။

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ ရန်ပုံငွေများကိုလည်းကောင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများကိုလည်းကောင်း အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်းနှင့် တရားစွဲတင်ခြင်းများ ဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်တာဝန်ပေးသည့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(င) စုံစမ်းဖော်ထုတ်ပြီး သိမ်းဆည်းသည့် ငွေကြေးနှင့် သက်သေခံပစ္စည်းများအနက် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းများအား အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း သက်ဆိုင်ရာတရားရုံးသို့ လိုအပ်သော မှတ်တမ်းဓာတ်ပုံများနှင့်အတူ စာဖြင့်အစီရင်ခံတင်ပြပြီး တရားရုံး၏ စီမံခန့်ခွဲမှုအမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

(စ) အကြမ်းဖက်မှုကျူးလွန်ရန် ထောက်ပံ့သောအဖွဲ့အစည်းများကိုလည်းကောင်း၊ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း၊ အသုံးပြုသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေသူများကိုလည်းကောင်း တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် မဆန့်ကျင်စေဘဲ စုံစမ်းစစ်ဆေးမေးမြန်းနိုင်သည်။

(ဆ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့်အဖွဲ့အစည်းနှင့် တာဝန်ခံများပိုင် ငွေကြေးနှင့်ပစ္စည်းများ၊ ရန်ပုံငွေများကို သက်ဆိုင်ရာတရားရုံး၏ စီမံခန့်ခွဲမှုနှင့်အညီ လွှဲပြောင်းခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းတို့အား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) နိုင်ငံတော်နှင့်အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုအား တားဆီးကာကွယ်ရေးအတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ ဖြစ်စဉ်ကို ချက်ချင်းတင်ပြပြီး ဆောင်ရွက်ရမည်။

၇၇။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ ဗဟိုအဖွဲ့ကဖြစ်စေ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့ကဖြစ်စေ တာဝန်ပေးအပ်သည့် တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည်လည်းကောင်း အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ကျေပွန်စွာတာဝန်ထမ်းဆောင်ရာတွင် အသက်အန္တရာယ်ကိုဖြစ်စေ၊ အပြင်းအထန်နာကျင်စေမည့်ဘေးကိုဖြစ်စေ ထိခိုက်နိုင်သည့် စိုးရိမ်ဖွယ်ရာ အခြေအနေကျရောက်ပါက မိမိကိုယ်ကိုကာကွယ်ခုခံပိုင်ခွင့်နှင့် သူတစ်ပါးအား ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

၇၈။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် အကြမ်းဖက်သမားအား ဖမ်းဆီးပြီး စုံစမ်းစစ်ဆေးဆဲကာလအတွင်း ချုပ်မိန့်တောင်းခံရာတွင် လုံခြုံရေးအရ အခက်အခဲရှိပါက ချုပ်မိန့်ယူရေးအတွက် တရားခံအား Video Conferencing ဖြင့် ချုပ်မိန့်ပေးရန် သက်ဆိုင်ရာ ဥပဒေအရာရှိ၊ တရားသူကြီးထံ နည်းလမ်းတကျတင်ပြ၍ ချုပ်မိန့်တောင်းခံနိုင်သည် သို့မဟုတ် တရားခံအား ဖမ်းဆီးထားသည့်ဒေသရှိ ဥပဒေအရာရှိ၊ တရားသူကြီးထံ တရားခံနှင့်အတူ နည်းလမ်းတကျ တင်ပြလျှောက်ထားနိုင်သည်။

## အခန်း (၁၄)

## အီလက်ထရောနစ် သတင်းအချက်အလက်ကြားဖြတ်ဖမ်းယူခြင်း၊ ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်းနှင့် တည်နေရာအတည်ပြုခြင်း

၇၉။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်နှင့် အကြမ်းဖက်သမားတို့၏ ဆက်သွယ်လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်နိုင်ရန်အလို့ငှာ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ဖြစ်စေ ၎င်းတို့၏တယ်လီဖုန်းနှင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်း ပြုနိုင်ရေးအတွက် ဗဟိုအဖွဲ့၏ သဘောတူညီချက်ရရှိရေးအတွက် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ အောက်ပါအချက်များဖော်ပြပြီး စာဖြင့်ဖြစ်စေ၊ ဖက်စ်နှင့် အီးမေးလ်တစ်ခုခုဖြင့်ဖြစ်စေ ဆောလျင်စွာ တင်ပြရမည် –

(က) တင်ပြသူ၏ အမည်၊ ရာထူး၊ အဆင့်နှင့် တပ်ဖွဲ့၊ ဌာန၊

(ခ) သတင်းအချက်အလက် ဆက်သွယ်ပြောကြားသည့် အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုအမည် (သိလျှင်)၊

(ဂ) ကျူးလွန်သည့် သို့မဟုတ် ကျူးလွန်တော့မည့်အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက်မှာ နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုဖြစ်ကြောင်း ကျိုးကြောင်းဖော်ပြချက်၊

(ဃ) ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် ဖုန်း၊ ဖက်စ်အမှတ်၊ အီးမေးလ်လိပ်စာ၊

(င) ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းပြုမည့် နေရာဒေသ (သိရှိလျှင်)၊

(စ) ပြုလုပ်လိုသည့် အချိန်ကာလ။

၈၀။ (က) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၇၉ အရ တင်ပြချက်ကို စိစစ်ပြီးခွင့်ပြုလိုပါက သဘောတူညီချက်ရရှိရန် ဗဟိုအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် ဆက်လက်တင်ပြရမည်။

(ခ) ဗဟိုအဖွဲ့သည် နည်းဥပဒေခွဲ (က) နှင့် နည်းဥပဒေ ၇၉ တို့အရ တင်ပြချက်တို့ကို စိစစ်ပြီး သဘောတူညီချက်ပေးခြင်း သို့မဟုတ် သဘောတူညီချက်ပေးရန် ငြင်းဆိုခြင်း ပြုနိုင်သည်။

(ဂ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေခွဲ (ခ) အရ ဗဟိုအဖွဲ့၏ သဘောတူညီချက်ရရှိပါက သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့အား သက်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်း လိုင်စင်ရရှိသူထံမှ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်း ပြုလုပ်နိုင်ရန် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ခွင့်ပြုမိန့်ရရှိပါက သက်ဆိုင်ရာဆက်သွယ်ရေးလုပ်ငန်း လိုင်စင်ရရှိသူသည် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်းတို့ကို ဆောင်ရွက်ပေးရန် ငြင်းပယ်ခြင်းမပြုရ။

၈၁။ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(ဂ)အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို တစ်ကြိမ်လျှင် ရက်ပေါင်း ၆၀ ထက် မပိုစေရ။

၈၂။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် –

(က) ကြားဖြတ်ဖမ်းယူရရှိသည့် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်သတ်မှတ်၍ မှတ်တမ်းပြုစုပြီး အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ အချိန်နှင့် တစ်ပြေးညီ တင်ပြရမည်။

(ခ) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ရရှိသည့် သတင်းအချက်အလက်များမှာ ပြည့်စုံမှုမရှိသေးသဖြင့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းအတွက် အချိန်ကာလ တိုးမြှင့်ပေးရေးအတွက် ဗဟိုအဖွဲ့၏သဘောတူညီချက်ရရှိရန် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ တင်ပြနိုင်သည်။

၈၃။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည်–

(က) နည်းဥပဒေ ၈၂၊ နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အချိန်ကာလတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(ဂ) အရ ခွင့်ပြုမိန့်ထုတ်ပေးပြီးနောက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်းနှင့်စပ်လျဉ်း၍ မိမိလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့၏ ပြန်လည်သုံးသပ်ချက်အရဖြစ်စေ၊ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့တို့၏ တင်ပြအစီရင်ခံချက်အရဖြစ်စေ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ဟု ယူဆလျှင် ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် ပြန်လည်ရုပ်သိမ်းနိုင်သည်။

၈၄။ ကြားဖြတ်ဖမ်းယူခြင်းပြုသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်သည့် သတင်းအချက်အလက်များကို အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်းသည့် စုံစမ်းထောက်လှမ်းသည့်အမှုတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုတွင်ဖြစ်စေ အသုံးပြုနိုင်ပြီး စစ်ဆေးစီရင်မှုတွင် သက်သေခံဥပဒေနှင့်အညီ သက်သေခံအဖြစ် တင်ပြနိုင်သည်။

၈၅။ မည်သူမျှ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ကြားဖြတ်ဖမ်းယူခြင်း မပြုရ။

### အခန်း (၁၅)
### အကြမ်းဖက်သမားတရားခံအားလွှဲပြောင်းပေးခြင်း

၈၆။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)ပါ အကြမ်းဖက်မှုကျူးလွန်သည့် ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များ (Protocols) နှင့် အာဆီယံကွန်ဗင်းရှင်းတို့အရ တရားခံလွှဲပြောင်းပေးနိုင်သော ပြစ်မှုများအဖြစ် မှတ်ယူ၍ဆောင်ရွက်ရမည်။

၈၇။ တရားခံလွှဲပြောင်းပေးနိုင်သော ပြစ်မှုများအဖြစ် မှတ်ယူ၍ဆောင်ရွက်ရမည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပါ အကြမ်းဖက်မှုတစ်ခုခုကို နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် လက်ခံထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ် (Protocols) များနှင့် အာဆီယံကွန်ဗင်းရှင်းတို့ကို အထောက်အထားပြု၍လည်းကောင်း၊ တရားခံလွှဲပြောင်းပေးခြင်းဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်ကို အထောက်အထားပြု၍လည်းကောင်း တရားခံလွှဲပြောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၈၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီတို့သည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးနှင့် အရေးယူရေးတို့ ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမားနိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက တရားခံလွှဲပြောင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေနှင့် အခြားစည်းကမ်းချက်များကိုလည်းကောင်း အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

၈၉။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက အောက်ပါအချက်များဖော်ပြပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့သို့ တင်ပြရမည် –

(က) အကြမ်းဖက်မှု ဖြစ်စဉ်အကျဉ်းချုပ်၊
(ခ) လွှဲပြောင်းပေးစေလိုသည့် အကြမ်းဖက်သမားတရားခံနှင့် အကြမ်းဖက်အုပ်စု အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်အမှတ်နှင့်အီးမေးလ်လိပ်စာ (သိရှိလျှင်)၊
(ဂ) အရေးယူထားသည့် ဥပဒေပုဒ်မနှင့် ချမှတ်နိုင်သည့် အမြင့်ဆုံးပြစ်ဒဏ်၊
(ဃ) အကြမ်းဖက်သမား၏ ကိုယ်ရေးအချက်အလက်များ၊
(င) ရရှိသောသတင်းအချက်အလက်နှင့် အထောက်အထားများ၊
(စ) ပထမသတင်းပေးတိုင်တန်းချက်အကျဉ်းနှင့် အရေးယူထားသည့်ဥပဒေနှင့် ပုဒ်မ၊
(ဆ) စုံစမ်းစစ်ဆေးမှု၊ စုံစမ်းထောက်လှမ်းမှုနှင့် စစ်ဆေးစီရင်မှုအခြေအနေ၊
(ဇ) ပြည်ပနိုင်ငံက ဆောင်ရွက်ပေးစေလိုသည့် ကိစ္စ၊
(ဈ) ပြည်ပနိုင်ငံက ဆောင်ရွက်ပေးရမည့် အချိန်ကာလ (အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါက အလျင်အမြန်ဆောင်ရွက်ရန် ဖော်ပြချက်)၊
(ည) တရားခံလွှဲပြောင်းရယူပြီး ဆက်လက်၍စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းတို့အတွက် အရေးယူဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ။

၉၀။ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် နည်းဥပဒေ ၈၉ အရ တင်ပြချက်ကို စိစစ်ပြီး ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့ လွှဲပြောင်းပေးရန် တောင်းဆိုလိုပါက နည်းဥပဒေ ၈၉ ပါ အချက်အလက်များဖော်ပြ၍ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ အကြောင်းကြားရမည်။

၉၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်း ကော်မတီသည် နည်းဥပဒေ ၉၀ အရ အကြောင်းကြားလာသည့်အခါ ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့လွှဲပြောင်းပေးရေးအတွက် ပြည်ပနိုင်ငံသို့ သံတမန်လမ်းကြောင်းအရ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ရန် **“အကြမ်းဖက်တရားခံအား လွှဲပြောင်းပေးရန်၊ တရားခံအားရှာဖွေဖမ်းဆီး လွှဲပြောင်းပေးရန် တောင်းဆိုခြင်း”** ပုံစံ (ဃ) ကို **“တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမား၏ အကြောင်းအရာအထွေထွေများ”** ပုံစံ (င) ပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၉၂။ (က) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမားအား နိုင်ငံတော်သို့ လွှဲပြောင်းပေးမည်ဟု ပြည်ပနိုင်ငံ၏ အကြောင်းပြန်ကြားချက်ရရှိသည့်အခါ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သို့ လွှဲပြောင်းလက်ခံရန် အကြောင်းကြားရမည်။
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့၏တာဝန်ပေးအပ်ချက်အရ လွှဲပြောင်းပေးသော ပြည်ပနိုင်ငံနှင့် ဆက်သွယ်၍ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမားအား လုံလောက်သော အစောင့်အရှောက်ဖြင့် လွှဲပြောင်းလက်ခံရမည်။

၉၃။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် တောင်းဆိုခြင်းခံရသူအကြမ်းဖက်သမားအား လက်ခံရရှိပါက တောင်းဆိုသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသို့ လုံလောက်သောအစောင့်အရှောက်ဖြင့် လွှဲပြောင်းပေးရမည်။
(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမားအား တောင်းဆိုသည့်အတိုင်း လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်ရန် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသော သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့သို့ လွှဲအပ်ရမည်။

၉၄။ နိုင်ငံတော်ရှိ အကြမ်းဖက်သမားတရားခံအား ပြည်ပနိုင်ငံတစ်ခုခု၏ အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုက လွှဲပြောင်းပေးရန် သံတမန်လမ်းကြောင်းအရ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းရေးဥပဒေ အခန်း(၄)နှင့် (၅) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉၅။ နိုင်ငံတော်ရှိ အကြမ်းဖက်သမားတရားခံအား ပြည်ပနိုင်ငံတစ်ခုခု၏ အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုက လွှဲပြောင်းပေးရန်တောင်းဆိုချက်ကို တရားခံလွှဲပြောင်းရေးဥပဒေပုဒ်မ ၁၂ အရဖြစ်စေ၊ ပုဒ်မ ၂၄ အရ ဖြစ်စေ ငြင်းပယ်သည့်အခါ ထိုအကြမ်းဖက်သမားတရားခံကို ၎င်းကျူးလွန်သည့် အကြမ်းဖက်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် တရားစွဲဆိုရေးအတွက် ဗဟိုအဖွဲ့သည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရမည်။

### အခန်း (၁၆)
### သက်သေအား အကာအကွယ်ပေးခြင်း

၉၆။ ဗဟိုအဖွဲ့သည် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကြံစည်အားထုတ်မှုကို ကြိုတင်သတင်းပေးသူ၏ လုံခြုံရေးကိုဖြစ်စေ၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအတွက် စုံစမ်းစစ်ဆေးမှု၊ စုံစမ်းထောက်လှမ်းမှုနှင့် တရားစွဲဆိုမှုများတွင် သတင်းပေးသူနှင့် သက်သေများ၏ လုံခြုံရေးကိုဖြစ်စေ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များချမှတ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့ကို တာဝန်ပေးအပ်ရမည်။

၉၇။ သက်သေသည် အောက်ပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိစေရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များသို့ တောင်းဆိုပိုင်ခွင့်ရှိသည် –

(က) မိမိနှင့် မိမိ၏မိသားစုဝင်များ၊ မိမိတို့ပိုင်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံခွင့်နှင့် အထောက်အကူရခွင့်၊
(ခ) လုံခြုံရေးအတွက် အကာအကွယ်ရပိုင်ခွင့်၊
(ဂ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ လွတ်လပ်စွာသတင်းပေးခွင့်၊
(ဃ) လိုအပ်ပါက ဘာသာပြန်ဆိုသူ ရရှိခွင့်၊
(င) အမှုစုံစမ်းစစ်ဆေးခြင်းနှင့် တရားရုံးက အမှုစစ်ဆေးစီရင်ခြင်းတို့နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ သိရှိနားလည်ခွင့်၊
(စ) နေရပ်လိပ်စာအသစ်တွင် သွားရောက်နေထိုင်ခွင့်၊ ခရီးစရိတ်ကင်းလွတ်ခွင့်၊ ထိုသို့နေထိုင်ရာတွင် ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခွင့်နှင့် ထိုက်သင့်သည့် အထောက်အပံ့ရခွင့်၊
(ဆ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေနှင့်အညီ ဥပဒေအကြံဉာဏ်နှင့် အထောက်အကူ ရရှိခွင့်၊
(ဇ) တရားခွင်တွင် တရားခံများနှင့် မျက်နှာချင်းမဆိုင်ဘဲ ဗီဒီယိုဆက်သွယ်ရေးစနစ် (Video Conferencing) ဖြင့် အစစ်ခံခြင်း ပြုလုပ်ပေးရန် တောင်းဆိုခွင့်။

### အခန်း (၁၇)
### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၉၈။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား အရေးယူရေးတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ထိုသို့ဆောင်ရွက်ရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့အား လမ်းညွှန်ခြင်းပြုရမည်။

၉၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား အရေးယူရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရမည်–

(က) အကြမ်းဖက်မှုဆိုင်ရာ သတင်းဖလှယ်ခြင်း၊
(ခ) အကြမ်းဖက်သမားများက မိမိနယ်မြေအားအသုံးပြု၍ အခြားနိုင်ငံနှင့် နိုင်ငံသားများအပေါ် အကြမ်းဖက်ကျူးလွန်ခြင်းမပြုနိုင်အောင် တားဆီးကာကွယ်ခြင်း၊
(ဂ) အကြမ်းဖက်မှုဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့ကို တားဆီးကာကွယ်ခြင်း၊
(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးနိုင်ရန်အတွက် နယ်စပ်ဒေသထိန်းချုပ်မှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊
(င) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ခြင်း၊
(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဆ) ဒေသအတွင်း ဗဟိုသတင်းအချက်အလက်ဌာနထူထောင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဇ) အကြမ်းဖက်မှု တားဆီးကာကွယ်ရေးတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊
(ဈ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား အရေးယူရေးတို့အတွက် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအာဏာပိုင်အဖွဲ့က စာချုပ်ဝင်ပြည်ပနိုင်ငံတစ်ခုခုသို့ အကူအညီတောင်းခံရေး သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏ အကူအညီရယူရေးတို့အတွက် ဗဟိုအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်နိုင်သည်။

၁၀၁။ ဗဟိုအဖွဲ့သည် ဥပဒေ၏ အခန်း(၃)၊ ပုဒ်မ ၆ ၊ ပုဒ်မခွဲ (ဆ) နှင့်(ဇ)ပါ လုပ်ငန်းတာဝန်များအား ဆောင်ရွက်နိုင်ရန်အလို့ငှာ အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံများအချင်းချင်းဆိုင်ရာ စာချုပ်များချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ခြွင်းချက်ထားခြင်းနှင့် စာချုပ်မှနုတ်ထွက်ခြင်း၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော အကြမ်းဖက်မှုများအား ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူစာချုပ်များအား ချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများဆောင်ရွက်ရန် နိုင်ငံတော်သမ္မတထံသို့ ဆောင်ရွက်ခွင့်ပြုရေး တင်ပြရမည်။

၁၀၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ -

(က) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရာတွင် သတင်းအချက်အလက်များပေးပို့ခြင်း၊ ဖလှယ်ခြင်းတို့ပြုလုပ်ရာ၌ သိတမန်နည်းလမ်းအပါအဝင် ဆောလျင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်မှန်ကန်သည့် နည်းလမ်းများကို အသုံးပြုနိုင်သည်။

(ခ) အကြမ်းဖက်သမားများအား မိမိနိုင်ငံတော်ကိုအသုံးချ၍ အကြမ်းဖက်မှုကျူးလွန်ခြင်းမှ တားဆီးကာကွယ်ရေးအတွက် သတင်းအချက်အလက်များ ပေးပို့ခြင်း၊ ဖလှယ်ခြင်းတို့ ပြုလုပ်ရာတွင် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများသို့ ချက်ချင်းအကြောင်းကြား ပေးပို့ခြင်း၊ ရယူခြင်းပြုနိုင်ရန် လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များ (Standard Operating Procedures–SOP) ကြိုတင်ရေးဆွဲထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးပို့ထားရမည်။

(ဂ) ချက်ချင်းဆောင်ရွက်ရမည့် အခြေအနေပေါ်ပေါက်ပါက ဆုံးဖြတ်ချက်ပေးနိုင်သော တာဝန်ရှိပုဂ္ဂိုလ်က ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် အမည်စာရင်း၊ ရာထူး၊ ဌာန၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်း အမှတ်၊ ဖက်စ်အမှတ်နှင့် အီးမေးလ်လိပ်စာတို့ကို ရယူစာရင်းပြုစုရေးအတွက် စီစဉ်ဆောင်ရွက်ထားရမည်။

(ဃ) ပူးပေါင်းဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် စာချုပ်ဝင်နိုင်ငံများ၏ ကောင်းမွန်သော လုပ်နည်းလုပ်ဟန်နှင့် အတွေ့အကြုံများကို ရယူလျက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမြဲသုံးသပ်၍ ချမှတ်ဆောင်ရွက်ရမည်။

(င) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စာချုပ်ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကာကွယ်ရေးနှင့် လုံခြုံရေးကိုလည်းကောင်း၊ နိုင်ငံတော်တွင် ရောက်ရှိတာဝန်ထမ်းဆောင်နေသော သံတမန်များ၊ သံတမန်အမှုထမ်းအဖွဲ့ဝင်များ၊ ကုလသမဂ္ဂဝန်ထမ်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ သံတမန်ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများရရှိရေးအတွက်လည်းကောင်း နိုင်ငံတကာ ကောင်းမွန်သော အတွေ့အကြုံများကိုရယူ၍ ဆောင်ရွက်ရမည်။

(စ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စာချုပ်ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ အကြမ်းဖက်မှုများ တိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေး ဗဟိုဌာနဖွင့်လှစ်၍ အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် ဆက်သွယ်ပေးပို့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) အကြမ်းဖက်သမားများ အသုံးပြုသည့် ခေတ်မီလက်နက်ပစ္စည်းကိရိယာများနှင့် နည်းပညာများကို စုံစမ်းဖော်ထုတ်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဇ) အကြမ်းဖက်သမားများအား ထိရောက်စွာ တားဆီးနှိမ်နင်းရေးအတွက် စွမ်းရည်နှင့် နည်းပညာများ ခေတ်မီစေရန်နှင့် လေ့ကျင့်သင်တန်းများပေးရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၁၀၃။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီတို့သည်-

(က) ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်သမားများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များနှင့် ကြေညာချက်များအပေါ် ထပ်ဆင့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြေညာခြင်းနှင့် ဖြန့်ဝေခြင်းတို့ ပြုရမည့်အပြင် ဝက်ဘ်ဆိုဒ် (Website) ဖြင့်လည်း ထုတ်ပြန်နိုင်သည်။

(ခ) အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဓာတု၊ ဇီဝ၊ နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များ (Weapons of Mass Destruction –WMD) ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ တားဆီးအရေးယူခြင်း၊ ဟန့်တားဖြတ်တောက်ခြင်းတို့ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ကြေညာချက်များနှင့်အညီ ထပ်ဆင့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိုလည်းကောင်း၊ ယင်းလက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ငွေကြေးနှင့် ပစ္စည်းတို့ကို ကြန့်ကြာမှုမရှိစေဘဲ ထိန်းချုပ်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ကိုလည်းကောင်း ပြုရမည်။ ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ တားဆီးအရေးယူခြင်း၊ ဟန့်တားဖြတ်တောက်ခြင်းတို့ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ကြေညာချက်များနှင့်အညီ ထပ်ဆင့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိုလည်းကောင်း၊ ယင်းလက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ငွေကြေးနှင့် ပစ္စည်းတို့ကို ကြန့်ကြာမှုမရှိစေဘဲ ထိန်းချုပ်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို လည်းကောင်း ပြုရမည်။

၁၀၄။ သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် အကြမ်းဖက်မှုများ တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့၏ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို သံတမန်လမ်းကြောင်းမှလည်းကောင်း၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ် စသည့် အီလက်ထရောနစ်ဆက်သွယ်ရေးပစ္စည်းကိရိယာဖြင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ခ) အကြမ်းဖက်သမားများက မိမိနယ်မြေအားအသုံးပြု၍ အခြားနိုင်ငံနှင့်နိုင်ငံသားများအပေါ် အကြမ်းဖက်ကျူးလွန်ခြင်းမရှိစေရန် တားမြစ်ခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် ထိုသို့ကျူးလွန်ခြင်းများကို ချေမှုန်းတိုက်ဖျက်ခြင်း၊

(ဂ) အကြမ်းဖက်သမားများက ပြည်ပနိုင်ငံတစ်ခုခုကို ခြေကုပ်ယူ၍ နိုင်ငံတော်အတွင်း အကြမ်းဖက်မှုကျူးလွန်မှုများအား ဖော်ထုတ်အရေးယူရေးအတွက် အမေဒ်သတင်းပေးများ လေ့ကျင့်မွေးမြူ၍ သတင်းလက်ဦးမှုရယူပြီး တားဆီးကာကွယ်ခြင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းအား အမြဲစုံစမ်းထောက်လှမ်းပြီး တားဆီးကာကွယ်ခြင်း၊

(ဃ) အိမ်နီးချင်းနိုင်ငံများမှ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများ နိုင်ငံဖြတ်ကျော်၍ ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးခြင်းနှင့် ထိုသို့လှုပ်ရှားသွားလာမှုမရှိစေရန် အိမ်နီးချင်းနိုင်ငံများမှ အာဏာပိုင်အဖွဲ့နှင့်ဆက်သွယ်၍ နယ်စပ်ဒေသထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်မှုဖြင့်တင်ခြင်း၊

(င) အကြမ်းဖက်မှုများ တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ မိမိတို့၏လှုပ်ရှားဆောင်ရွက်မှုများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့နှင့်ဗဟိုအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။

## အခန်း (၁၈)

## အကြမ်းဖက်သမားများအား အရေးယူရာတွင် တရားမျှတစွာ ပြုမူဆက်ဆံခြင်း

၁၀၅။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည်–

(က) နိုင်ငံတော်အတွင်း အကြမ်းဖက်မှုကျူးလွန်သည့် နိုင်ငံခြားသားအကြမ်းဖက်သမားအား အကြမ်းဖက်မှုဖြင့် မည်သည့်နေရာဒေသတွင် မည်သည့်နေ့ရက်က ဖမ်းဆီးချုပ်နှောင်ထားကြောင်း ၎င်း၏နိုင်ငံသားအဖြစ်ခံယူထားသည့်နိုင်ငံ၏ အနီးဆုံးသံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်လမ်းကြောင်းဖြင့် နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အကြောင်းကြားနိုင်ရန် အဆိုပါအကြမ်းဖက်သမား၏ ကိုယ်ရေးအချက်အလက်များကိုဖော်ပြ၍ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်းတင်ပြရမည်။

(ခ) အကြမ်းဖက်မှုများ သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သည့် အကြမ်းဖက်သမားအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတစွာပြုမူဆက်ဆံရမည့်အပြင် ၎င်းတို့ ခံစားခွင့်ရှိသည့် အခွင့်အရေးများကို မထိခိုက်စေဘဲ ဆောင်ရွက်ရမည်။

၁၀၆။ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့်ပြစ်မှုဖြင့် အရေးယူခြင်းခံရသူသည် ၎င်း၏အကျိုးဆောင်ရှေ့နေနှင့်တွေ့ဆုံခွင့်၊ ဥပဒေအကြံဉာဏ်နှင့် ဥပဒေအထောက်အကူရရှိခွင့်၊ ဥပဒေအရခုခံချေပခွင့်နှင့် အယူခံခွင့်တို့ ရှိစေရမည်။

၁၀၇။ အကျဉ်းထောင်တာဝန်ခံနှင့် အကျဉ်းထောင်ဝန်ထမ်းများသည်–

(က) အကြမ်းဖက်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော အကြမ်းဖက်သမား တရားခံအား အကျဉ်းထောင်တွင် ထိန်းသိမ်းထားသည့်အခါ အကြမ်းဖက်မှုကို ထပ်မံမကျူးလွန်စေရေး အဓိကရည်ရွယ်လျက် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ လူကောင်းသူကောင်းဖြစ်လာစေရေးနှင့် ပြစ်ဒဏ်မှလွတ်မြောက်ပြီးသောအခါ ကောင်းမွန်သော အသက်မွေးမှုပညာများ သင်ကြားတတ်မြောက်စေရေးကို အဓိကရည်ရွယ်၍ ဆက်ဆံဆောင်ရွက်ရမည်။

(ခ) အကျဉ်းကျအကြမ်းဖက်သမားတရားခံအား အခြားအကျဉ်းသားများနည်းတူ တည်ဆဲအကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများနှင့်အညီ ပြုမူဆက်ဆံရမည်။

## အခန်း (၁၉)

## အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေ

၁၀၈။ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ–

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃ ပါ ရငွေနှင့် ပစ္စည်းများဖြင့် ထူထောင်ထားရှိသော အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ စာရင်းပြုစုခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က) ပါ တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေရရှိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံနိုင်သည်။

(ဂ) ရန်ပုံငွေကို တရားဝင်တိုးပွားစေရန် ဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

(ဃ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ (ဂ) ပါ ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းငွေများအနက် နိုင်ငံခြားငွေရရှိပါက နိုင်ငံတော်၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ပေးသည့် ဘဏ်တွင် သီးခြားနိုင်ငံခြားငွေ ဘဏ်စာရင်းဖွင့်လှစ်၍ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ ပြုနိုင်သည်။

